# ကော်ရင့်သုမြို့သားတို့ထံရေးသော ပထမ စာစောင်။

## နိဒါန်း

**ကောရင့်မြို့**ရှိ အသင်းတော်ဝင်များထံသို့**ပေါလု** ရေးသားပေးပို့ခဲ့သော ပထမစာစောင်သည် **ကောရင့်မြို့**တွင် **ပေါလု** တည်ထောင်ထားသည့် အသင်းတော်အတွင်း ခရစ်ယာန်သက်တာ၊ ယုံကြည်ခြင်းတို့နှင့် ပတ်သက်၍ ပေါ်ပေါက်ခဲ့သော ပြဿနာများကိုဖြေရှင်းပေးရန် ရေးသားခဲ့ခြင်းဖြစ်ပေသည်။ ထိုအချိန်၌ **ကောရင့်မြို့**သည် **ဂရိ**လူမျိုးတို့၏အပြည်ပြည်ဆိုင်ရာ မြို့ကြီးတစ်မြို့ဖြစ်ပြီး၊ **ရောမ**လက်အောက်ခံ **အာခေယ**ပြည်နယ်၏ မြို့တော်လည်းဖြစ်ခဲ့၏။ဖွံ့ဖြိုးသော စီးပွားရေးထည်ဝါသောယဉ်ကျေးမှုမြို့ တဝှမ်းလုံးအကျင့်စာရိတ္တပျက်ပြားမှုနှင့်အမျိုးမျိုးကွဲပြားနေသောဘာသာအယူဝါဒများတည်ရှိမှုကြောင့် **ကောရင့်မြို့**သည် ထင်ရှားခဲ့ပေသည်။

တမန်တော်ကြီးက အဓိကထား၍ ကိုင်တွယ်ခဲ့သည့်ပြဿနာများမှာ အသင်းတော်အတွင်း အချင်းချင်းကွဲပြားမှုများနှင့်အကျင့်စာရိတ္တ ပျက်ပြားမှု၊ လိင်ဆက်ဆံရေးနှင့်အိမ်ထောင်ရေးပြဿနာများ၊ ဆင်ခြင်တုံတရားနှင့်ဆိုင်ရာကိစ္စများ၊ အသင်းတော်အတွင်းစည်းကမ်းရှိမှု၊ မွန်မြတ်သောဝိညာဉ်တော်၏ ကျေးဇူးတော်များနှင့်သေခြင်းမှရှင်ပြန်ထမြောက်ခြင်းအကြောင်းတို့ဖြစ်ပေသည်။ ဤပြဿနာများနှင့် ပတ်သက်၍ ဧဝံဂေလိသတင်းကောင်းက မည်သို့မိန့်ဆိုကြောင်းကို **ပေါလု**ကနက်ရှိုင်းသော အသိအမြင်တို့ဖြင့် တင်ပြခဲ့၏။

ချစ်ခြင်းမေတ္တာသည် မိမိ၏ လူမျိုးတော်အားဘုရားသခင် ပေးသနားတော်မူသော ကျေးဇူးတော်များတွင်အကောင်းဆုံးပင်ဖြစ်သည်ဟု တင်ပြသည့် အခန်းကြီး(၁၃)သည် ဤစာစောင်တွင် လူသိအများဆုံးသော စာပိုဒ်ဖြစ်ကောင်း ဖြစ်ပေမည်။

## *ပါဝင်သည့် အကြောင်းအရာ အကျဉ်းချုပ်။*

*နိဒါန်း။ ၁း၁–၉။*
*အသင်းတော်အတွင်း အချင်းချင်းကွဲပြားမှုများ။ ၁း၁၀–၄း၂၁*
*လိင်ဆက်ဆံရေးဆိုင်ရာ စာရိတ္တကြံ့ခိုင်မှုနှင့် အိမ်ထောင်သည်ဘဝ။ ၅း၁–၇း၄၀*
*ခရစ်ယာန်များနှင့်ဘာသာခြားများ။ ၈း၁–၁၁း၁*
*အသင်းတော်၏သက်တာနှင့် ဝတ်ပြုကိုးကွယ်ခြင်း။ ၁၁း၂–၁၄း၄၀*
*ခရစ်တော်နှင့် ယုံကြည်သူတို့၏ သေခြင်းမှရှင်ပြန်ထမြောက်ခြင်း။ ၁၅း၁–၅၈*
*ဂျူဒေအာရှိခရစ်ယာန်များအတွက်အလှူငွေတည့်ဝင်ခြင်း ။ ၁၆း၁–၄*
*ပုဂ္ဂိုလ်ရေးရာ ကိစ္စများနှင့်နိဂုံး။ ၁၆း၅–၂၄*

## အခန်းကြီး (၁)

### နှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတော် ချီးမွမ်းခြင်း။

၁။ ခရစ်တော်**ယေရှု**သခင်၏ တမန်တော်တစ်ပါးဖြစ်
ရန်ဘုရားသခင်အလိုတော်ရှိ၍ ခေါ်တော်မူခြင်းခံခဲ့
ရသော ငါ**ပေါလု** နှင့် ငါတို့ညီ **ဆောစနက်**တို့က
၂။ **ကောရင့်မြို့**ရှိ ဘုရားသခင်၏ အသင်းတော်မှစ၍
သူတို့နှင့်ငါတို့၏သခင်ဖြစ်တော်မူသည့် ယေရှုခရစ်
တော်၏ နာမတော်ကို ဆုတောင်းပဌာပြုကြ၍
ခပ်သိမ်းသောအရပ်ရပ်ရှိ သူအပေါင်းတို့နှင့်အတူ၊
ခရစ်တော်**ယေရှု**အားဖြင့် သန့်ရှင်းစင်ကြယ်ခြင်းသို့
ရောက်၍ သူတော်သူမြတ်များ အဖြစ်သို့
ခေါ်တော်မူခြင်း ခံရကြသောသူ
၃။ အပေါင်းထံသို့ ငါစာရေးလိုက်ပါသည်။ ငါတို့အဖ
ဘုရားသခင်နှင့် သခင်**ယေရှု**ခရစ်တော်၏ ကျေးဇူး
တော်နှင့် ငြိမ်းချမ်းခြင်း မင်္ဂလာသည် သင်တို့အ
ပေါ်သို့ သက်ရောက်တော်မူပါစေ။
၄။ **ယေရှု**ခရစ်တော်အားဖြင့် သင်တို့အား ပေးသနား
တော်မူသော ဘုရားသခင်၏ ကျေးဇူးတော်အတွက်
ငါသည် ဘုရားသခင်အား အစဉ်အမြဲ ကျေးဇူးတင်
၅။ ပါသည်။ သင်တို့သည် ကိုယ်တော်အားဖြင့်
နှုတ်၏စွမ်းရည်၊ အသိဉာဏ်စွမ်းရည် အားလုံးစုံတို့
၆။ ဖြင့် ပြည့်စုံကြွယ်ဝကြသည်ဖြစ်၍၊ ခရစ်တော်အား
သက်သေခံခြင်းအမှုကိုပင်သင်တို့ အခိုင်အမာပြုနိုင်
၇။ ကြပေပြီ။ ဤနည်းအားဖြင့် သင်တို့သည် ငါတို့၏
သခင်ယေရှုခရစ်တော်၏ ထင်ရှားတော်မူခြင်းကို
စောင့်မျှော်နေကြစဉ်သင်တို့တွင် ဝိညာဉ်ရေးဆိုင်ရာ
ကျေးဇူး တော်များ လစ်ဟင်းသည်ဟု မရှိပေ။
၈။ ငါတို့ သခင်**ယေရှု**ခရစ်တော်၏ နေ့ရက်တွင် သင်
တို့သည် အပြစ်ကင်းစင်လျက်ရှိကြစေရန်ကိုယ်တော်

သည်သင်တို့ကို အဆုံးတိုင်အား ဖြည့်တင်းပေး
၉။ တော်မူလိမ့်မည်။ဘုရားသခင်သည်သစ္စာရှိတော်မူ၏။
သင်တို့သည်ကိုယ်တော်၏သားတော်၊ ငါတို့သခင်
**ယေရှု**ခရစ်တော်၏မိသဟာယတွင် ပါဝင်ကြစေရန်
ကိုယ်တော်အားဖြင့်ခေါ်တော်မူခြင်း ခံခဲ့ရကြလေပြီ။

## အသင်းဝင်အချင်းချင်း စိတ်ဝမ်းကွဲမှုများ

၁၀။ ညီအစ်ကိုတို့ သင်တို့အားလုံးသည် သဘောတူညီ
ကြလျက်၊ အချင်းချင်းကွဲပြားမှုမရှိဘဲ၊ တူညီသော
ဆုံးဖြတ်ချက်၊ တူညီသောစိတ်ထားတို့ဖြင့် စည်းလုံး
ညီညွတ်စွာရှိကြစေရန် သင်တို့အား ငါတောင်းပန်
၁၁။ ပါသည်။ ငါ၏ညီအစ်ကိုများဖြစ်ကြသော သင်တို့
သည် အချင်းချင်းခိုက်ရန် ဖြစ်ပွါးကြကြောင်း၊ လူ
၁၂။ တို့က ငါ့အား တိုင်ကြားကြသည်။ ငါဆိုလိုသည်
မှာသင်တို့အသီးသီးကငါသည်**ပေါလု**၏တပည့်ဖြစ်
၏။ ငါသည် **အပိုလို**၏တပည့်၊ ငါသည်**စေဖ**၏
တပည့်ဖြစ်၏။ ငါသည်**ခရစ်တော်**၏တပည့်ဖြစ်၏
၁၃။ ဟု ဆိုနေကြသည်။ ခရစ်တော်သည် ကွဲပြားနေ
သလော၊ **ပေါလု**သည် သင်တို့အတွက် ကားတိုင်
တင်ခြင်း ခံခဲ့ရသလော သို့မဟုတ် သင်တို့သည်
**ပေါလု**၏နာမနှင့် ဆေးကြောခြင်းခံခဲ့ရကြသလော။
၁၄။ **ခရစ္စပု**နှင့်**ဂေးယု**မှလွဲ၍ သင်တို့တွင် မည်သူ့ကိုမျှ
ငါဆေးကြောခြင်းမပေးခဲ့သည့်အတွက် ဘုရားသခင်
၁၅။ ကိုကျေးဇူးတင်ပါသည်။ သို့မဟုတ်လျှင်တစ်ဦးတစ်
ယောက်ကသင်တို့သည် ငါ၏နာမနှင့် ဆေးကြော
ခြင်းခံခဲ့ရသည်ဟု ဆိုကောင်းဆို ပေမည်။ ငါသည်
၁၆။ **စတီဖန်နာ**၏မိသားစုကိုလည်း ဆေးကြောခြင်းပေးခဲ့
သည်။ထိုမှလွဲ၍အခြားမည်သူတစ်ဦးကိုမျှဆေးကြော
၁၇။ ခြင်းပေးခဲ့ကြောင်း ငါမသိပေ။ အကြောင်းမူကား
ခရစ်တော်သည် ဆေးကြောခြင်းပေးရန် ငါ့ကိုစေ
လွှတ်သည်မဟုတ်ဘဲ၊ ဧဝံဂေလိ သတင်းကောင်းကို
ဟောပြောရန်သာစေလွှတ်ခြင်းဖြစ်သည်။ဉာဏ်ပညာ
ကြွယ်ဝစွာဟောပြောရန်လည်းမဟုတ်၊ သို့မဟုတ်
လျှင်ခရစ်တော်၏ကားတိုင်တော်သည် ဘုန်းတန်ခိုး
ကင်းမဲ့သကဲ့သို့ ဖြစ်ပေလိမ့်မည်။

## ခရစ်တော်သည် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်နှင့်ဉာဏ်ပညာတော်

၁၈။ လက်ဝါးကပ်တိုင်၏ တရားတော်သည်ပျက်စီးဆုံးရှုံး
မည့်သူများအတွက်အဓိပ္ပါယ်ကင်းမဲ့သော်လည်းကယ်
တင်ခြင်းခံရကြသည့်ငါတို့အတွက်မူ ဘုရားသခင်၏
၁၉။ ဘုန်းတန်ခိုးတော်ပေတည်း။ အကြောင်းမူကားကျမ်း
စာတွင်ရေးထားသည်မှာ ပညာရှိတို့၏ ဉာဏ်ပညာ
ကိုငါဖျက်ဆီးမည်။တတ်ကျွမ်းသူတို့၏ကျွမ်းကျင်မှု
၂၀။ ကို ငါတားဆီးမည် ဟူ၍တည်း။ ပညာရှိသူကား
အဘယ်မှာနည်း။ကျမ်းတတ် ဆရာကား အဘယ်မှာ
နည်း။ဤခေတ်ကာလတွင် စကားရည်လုနိုင်သူကား
အဘယ်မှာနည်း။ဘုရားသခင်သည်ကမ္ဘာလောက၏
ဉာဏ်ပညာကို မိုက်မဲသောအရာ ဖြစ်စေခဲ့ပြီမဟုတ်
၂၁။ လော။ အကြောင်းမူကားဘုရားသခင်၏ဉာဏ်ပညာ
တော်အရ ကမ္ဘာလောကသည် ဉာဏ်ပညာအားဖြင့်
ဘုရားသခင်ကိုမသိမြင်ခဲ့ကြသောကြောင့်ငါတို့ဟော
ပြောခြင်း၏ မိုက်မဲသောတရားအားဖြင့် သက်ဝင်ယုံ
ကြည်သူတို့ကို ကယ်တင်ရန် ဘုရားသခင်နှစ်သက်
၂၂။ တော်မူခဲ့ပြီ။ အကြောင်းမူကား **ဂျူး**လူမျိုးတို့သည်
နိမိတ်လက္ခဏာများကိုတောင်းဆိုကြ၍ **ဂရိ**တို့သည်
၂၃။ ဉာဏ်ပညာကို တောင်းဆိုကြ၏။ သို့ရာတွင် ငါ
တို့မူကား လက်ဝါးကပ်တိုင် တင်ခံရသော ခရစ်
တော်ကိုဟောပြောကြသောကြောင့် **ဂျူး**လူမျိုးတို့အ
တွက်ခလုတ်ကန်သင်းတစ်ခုပမာဖြစ်ပြီးလူမျိုးခြားတို့
အတွက် အဓိပ္ပါယ်မဲ့သော အရာတစ်ခုဖြစ်ရလေပြီ။
၂၄။ ထိုသို့ဖြစ်သော်လည်းခေါ်တော် မူခြင်းခံရကြသော
**ဂျူး**တို့နှင့်**ဂရိ**လူမျိုးနှစ်စုလုံးအတွက်မှာမူ ခရစ်တော်
သည် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်နှင့်ဘုရား
သခင်၏ ရွှေဉာဏ်ပညာတော် ဖြစ်တော်မူပေသည်။
၂၅။ အကြောင်းမူကား၊ဘုရားသခင်၏ မိုက်မဲခြင်းသည်
လူသားတို့ဉာဏ်ပညာရှိခြင်းထက်ပို၍ ထက်မြက်ပြီး၊
ဘုရားသခင်၏ ခွန်အားနည်းမှုသည် လူတို့ထက်
၂၆။ ခွန်အားသန်စွမ်းလေသည်။ညီအစ်ကိုတို့၊ သင်တို့၏
ခေါ်တော်မူခြင်းကိုဆင်ခြင်သုံးသပ်ကြလော့။သင်တို့
တွင်များစွာတို့သည်လောကီသားတို့၏စံချိန်နှင့်အညီ
ပညာရှိသူများမဟုတ်ကြချေ၊ ဩဇာအာဏာရှိသူများ
လည်းမဟုတ်ချေ၊ မျိုးရိုးဇာတိမြင့်မြတ်သူများလည်း
မဟုတ်ချေ။
၂၇။ သို့ရာတွင် ဘုရားသခင်သည်ဉာဏ်ပညာရှိသူတို့ကို
အရှက်ကွဲစေရန် လောကတွင်ဉာဏ်ပညာမဲ့သူတို့ကို
ရွေးချယ်ခဲ့ပြီး၊ခွန်အားကြီးသူတို့ကိုအရှက် ကွဲစေရန်
အားနည်းသူတို့ကို ရွေးချယ်ခဲ့လေပြီ။

၂၈။ ဘုရားသခင်သည် ကမ္ဘာလောကတွင်နိမ့်ကျသူများ၊
အပယ်ခံ လူတန်းစားများကို ရွေးချယ်တော်မူသည့်
အပြင်၊ အရေးပါသည့် အရာများကို အချည်းနှီး
ဖြစ်စေရန်၊ အရေးမပါသည့် အရာများကိုပင် ရွေး
၂၉။ ချယ်တော်မူခဲ့၏။ ဤနည်းဖြင့် မည်သည့်လူသားမျှ
ဘုရားသခင်၏ မျက်မှောက်တော်တွင် ကြွားဝါခြင်း
၃၀။ မပြုနိုင်စေရန်ပင်ဖြစ်သည်။ဘုရားသခင်သည် **ယေရှု**
ခရစ်တော်အားဖြင့် အသက်ရှင်သောသင်တို့အသက်
တာ၏အရင်းအမြစ်ဖြစ်သည်။ ခရစ်တော်သည်ငါတို့
အတွက်ဘုရားသခင်၏ဉာဏ်ပညာ၊ ငါတို့၏ဖြောင့်
မတ် မှန်ကန်မှု၊ သန့်ရှင်းမွန်မြတ်မှုနှင့် ကယ်တင်
၃၁။ ခြင်းတို့ ဖြစ်လာခဲ့လေပြီ။ ထို့ကြောင့် ကျမ်းစာတွင်
ရေးထားသည့်အတိုင်းကြွားဝါလိုသူသည်သခင်ဘုရား
၌သာလျှင် ကြွားဝါပါစေ။

## အခန်းကြီး (၂)

## လက်ဝါးကပ်တိုင်တင်ခံရသည့် ခရစ်တော်ကို ကြေငြာခြင်း

၁။ ညီအစ်ကိုတို့ ငါသည် သင်တို့ထံသို့လာခဲ့စဉ်က
ဘုရားသခင်၏ နက်နဲရာကိုမြင့်မား ထည်ဝါသော
စကားများဖြင့်လည်းကောင်း၊ ဉာဏ်ပညာအမြော်အ
မြင်ဖြင့်လည်းကောင်း၊ ကြေငြာလျက်လာခဲ့သည်
၂။ မဟုတ်ပေ။ အကြောင်းမူကား၊ ခရစ်တော်**ယေရှု**၊
တည်းဟူသော လက်ဝါးကပ်တိုင်တင်ခံရသောကိုယ်
တော်ရှင်မှတပါးအခြား မည်သည့်အရာကိုမျှ သိရန်
၃။ မလိုဟုငါဆုံးဖြတ်ခဲ့သည်။ အားနည်းခြင်း၊ လွန်စွာ
ကြောက်ရွံ့တုန်လှုပ်ခြင်းတို့၌ ငါသည် သင်တို့ထံ
၄။ သို့ရောက်လာခဲ့သည်။ငါ၏မိန့်ခွန်းနှင့်ဟောပြောခြင်း
တို့သည်လည်းဉာဏ်ပညာနှင့်ပြည့်ဝသည့်စကားများ
မဟုတ်ပဲ၊ ဘုရားသခင်၏ ဝိညာဉ်တော်နှင့်တန်ခိုး
တော်တို့ကို ဖော်ပြခြင်းသာဖြစ်သည်။
၅။ ဤနည်းအားဖြင့် သင်တို့၏ ယုံကြည်ခြင်းသည်လူ
တို့၏ဉာဏ်ပညာအပေါ်တည်မနေဘဲ၊ဘုရားသခင်၏
တန်ခိုးတော် အပေါ်၌သာတည်နေစေရန်ဖြစ်သည်။

### ဘုရားသခင်၏ ဉာဏ်ပညာတော်

၆။ သို့ဖြစ်သော်လည်း၊ငါတို့သည်ရင့်ကျက်သောသူများ
အားဉာဏ်ပညာကိုပြောဆိုကြ၏။ထိုဉာဏ်ပညာသည်
ဤခေတ်ကာလနှင့် ဆိုင်သည်မဟုတ်၊ မလွဲမသွေ
ပျောက်ကွယ်သွားကြရမည့် ဤခေတ်ကာလ၏အုပ်
ချုပ်သူမင်းများနှင့်လည်း မသက်ဆိုင်ပေ။ ငါတို့၏
၇။ ဘုန်းကျက်သရေအတွက်၊ဤခေတ်ကာလမတိုင်မီက
ပင်ဘုရား သခင်စီရင်ထားတော်မူသောကိုယ်တော်၏
လျှို့ဝှက်ဖုံးကွယ်လျက်ရှိသော ဉာဏ်ပညာကိုငါတို့
၈။ သွန်သင်ပြောဆိုကြ၏။ဤအရာကိုဤခေတ်ကာလ၏
အုပ်ချုပ်မင်းများတွင်တစ်ဦးတစ်ယောက်မျှနားမလည်
ခဲ့ပေ။အကြောင်းမူကား၊ သူတို့သာနားလည်ခဲ့ကြပါ
လျှင်၊ဘုန်းအာနုဘော်တော်ရှင်ကို လက်ဝါးကပ်တိုင်
၉။ တင်ခဲ့ကြမည်မဟုတ်ပေ။သို့ရာတွင်ကျမ်းစာတွင်ရေး
သားသည်ကား မည်သည့်မျက်စေ့နှင့်မျှ မမြင်စဖူး၊
နားဖြင့်လည်းမကြားစဖူး၊ လူသား၏နှလုံးတွင်ပေါ်
ပေါက်ခြင်းမရှိခဲ့ဖူးသည့် အမှုအရာကို ဘုရားသခင်
သည် မိမိကိုချစ်သော သူတို့အတွက် ပြင်ဆင်ထား
၁၀။ တော်မူ၏။ ဘုရားသခင်သည် ဤအရာများကို
ဝိညာဉ်တော်ဘုရားအားဖြင့် ငါတို့အားဖော်ပြတော်မူ
ပြီ။အကြောင်းမူကားဝိညာဉ်တော်သည်အရာခပ်သိမ်း
ကိုစူးစမ်းရှာဖွေတော်မူ၏။ဘုရားသခင်၏ နက်ရှိုင်းမှု
၁၁။ ကိုပင်မချန်လှပ်ပေ။အကြောင်းမူကား၊လူတစ်ဦး၏အ
တွင်းရှိစိတ်ဝိညာဉ်မှတပါးထိုသူ၏ကြံစည်တွေးတော
ချက်တို့ကိုမည်သည့်လူသားသည် သိနိုင်ပါသနည်း။
ထိုနည်းတူစွာပင်၊ဘုရားသခင်၏ဝိညာဉ်တော်မှတပါး
ဘုရားသခင်၏ ကြံစည်တွေးဆချက်တို့ကိုမည်သူမျှ
၁၂။ နားမလည်နိုင်ပေ။ ယခုငါတို့သည်ကမ္ဘာလောကနှင့်
သက်ဆိုင်သည့်စိတ်ဝိညာဉ်ကိုခံယူခဲ့ကြသည်မဟုတ်၊
ဘုရားသခင်ထံတော်မှလာသောဝိညာဉ်တော်ကို ခံယူ
ခဲ့ရခြင်းဖြစ်သည်။ သို့မှသာလျှင်ငါတို့အားဘုရား
သခင်ပေးသနားတော်မူသော ကျေးဇူးတော်များကိုငါ
၁၃။ တို့နားလည်နိုင်ကြပေမည်။ငါတို့သည်ဤအကြောင်း
အရာများကိုလူသားတို့၏ဉာဏ်ပညာကသင်ကြားပေး
သောစကားများဖြင့်မဟုတ်ဘဲ၊ဝိညာဉ်တော်ဘုရား၏
သင်ကြားပေးမှုဖြင့်သွန်သင်ပြောဆိုကြသည်။ဝိညာဉ်
နှင့်ဆိုင်ရာကိုလိုက်ကျင့်သူများအား ဝိညာဉ်ရေးဆိုင်
၁၄။ ရာအမှန်တရားများကို အဓိပ္ပါယ် ဖွင့်ဆိုကြသည်။
ဝိညာဉ်နှင့်ဆိုင်ရာကိုမလိုက်ကျင့်သူများသည်ဝိညာဉ်
တော်၏ကျေးဇူးတော်များကိုမခံယူနိုင်ကြ။အကြောင်း
မူကား ထိုကျေးဇူးတော်များသည် သူတို့အတွက်
မိုက်မဲသော အရာဖြစ်၏။ ထိုကျေးဇူးတော်များကို
ဝိညာဉ်ရေးအရသုံးသပ်ခွဲခြားထားသောကြောင့်သူတို့
၁၅။ သည်ဤအရာများကိုနားမလည်နိုင်ကြပေ။ ဝိညာဉ်

နှင့်ဆိုင်ရာကိုလိုက်ကျင့်သူတို့သည်အရာခပ်သိမ်းကို
စီရင်ဆုံးဖြတ်ပြီး၊ သူတို့ကိုယ်တိုင်မှာမူ မည်သူ၏
၁၆။ စီရင်ဆုံးဖြတ်မှုကိုမျှမခံရပေ။ကျမ်းစာ လာသည်ကား
မည်သူသည် သခင်ဘုရား၏စိတ် သဘောတော်ကို
သိသည်ဖြစ်၍၊ကိုယ်တော်ကိုသွန်သင်နိုင်ပါသနည်း။
သို့သော်ငါတို့၌ခရစ်တော်၏စိတ်သဘောတော်ရှိပေ
သည်။

## အခန်းကြီး (၃)

## ဘုရားသခင်၏ အမှုတော်အတွက် လုပ်ဖော်ကိုင်ဖက်များ

၁။ ညီအစ်ကိုတို့၊ငါသည်သင်တို့ကိုဝိညာဉ်နှင့်ဆိုင်ရာကို
လိုက်ကျင့်သူများကဲ့သို့မပြောဆိုနိုင်ဘဲ၊သွေးသား၏
လူများ၊ခရစ်တော်၌ကလေးငယ်များကဲ့သို့သာပြောဆို
၂။ နိုင်ပေသည်။ သင်တို့သည် အစာကိုကြေအောင်
စားရန် အဆင်သင့်မဖြစ်ခဲ့သောကြောင့် ငါသည်
သင်တို့အား နို့ရည်ကိုသာ တိုက်ကျွေးခဲ့၏။ယခုပင်
လျှင် သင်တို့သည် အဆင့်သင့် မဖြစ်ကြသေးပေ။
၃။ အကြောင်းမူကား သင်တို့သည် သွေးသားအလို
အရပြုကျင့်ဆဲပင်ဖြစ်သည်။သင်တို့အချင်းချင်း မနာ
လိုဝန်တို၍၊ ခိုက်ရန်ဖြစ်ပွားနေကြသရွေ့၊ သင်တို့
သည် သွေးသားအရပြုကျင့်ပြီး၊ သာမန်လူတို့ ကဲ့သို့
ပြုမူဆက်ဆံနေကြခြင်း မဟုတ်ပါလော။
၄။ အကြောင်းမူကားတစ်ဦးက ငါသည်**ပေါလု**၏တပည့်
ဖြစ်၏။အခြားတစ်ဦးကငါသည်**အပိုလို**၏တပည့်ဖြစ်
၏ဟုဆိုလျှင်သင်တို့သည်လူသားများသက်သက်ပင်
၅။ မဟုတ်ပါလော။ **အပိုလို**ကား မည်သူနည်း၊ **ပေါလု**
ကားမည်သူနည်း။သူတို့တစ်ဦးစီအားသခင်ဘုရားခန့်
အပ်ထားသည်နှင့်အညီ သင်တို့အား ယုံကြည်ခြင်း
သို့ပို့ဆောင်ခဲ့သည့် အစေခံများသာ ဖြစ်သည်။
၆။ ငါသည်စိုက်ပျိုးခဲ့၏။ **အပိုလိုက**ရေလောင်းခဲ့၏။သို့
သော်ကြီးထွားရှင်သန်မှုကိုဘုရားသခင်ကပေးခဲ့၏။
၇။ သို့ဖြစ်၍၊ စိုက်ပျိုးသူ၊ ရေလောင်းသူတို့သည် မည်
သို့မျှအရေးပါသည်မဟုတ်၊ ရှင်သန်ကြီးထွားမှုပေး
သည့် ဘုရားသခင် တစ်ပါးသာလျှင် အရေးပါပေ
၈။ သည်။ စိုက်ပျိုးသူနှင့် ရေလောင်းသူတို့သည် တန်း
တူဖြစ်ကြပြီး၊ တစ်ဦးစီသည် မိမိ၏ လုပ်ဆောင်မှု
၉။ အတွက် လုပ်အားခကို ရရှိလိမ့်မည်။ အကြောင်းမူ
ကား၊ ငါတို့သည် ဘုရားသခင်၏ အမှုတော်တွင်
လုပ်ဖော်ကိုင်ဖက်များဖြစ်ကြပြီး၊သင်တို့သည်ဘုရား
သခင်၏ လယ်ကွင်း၊ ဘုရားသခင်၏ အဆောက်
၁၀။ အဦးဖြစ်ကြသည်။ ငါ့အားဘုရားသခင်သနားတော်
မူသော ကျေးဇူးတော်နှင့်အညီ ငါသည် ကျွမ်းကျင်
သော ဗိသုကာတစ်ဦးပမာအုတ်မြစ်ချခဲ့ပြီး၊ အခြား
တစ်ဦးက ထိုအုတ်မြစ် အပေါ်တွင် ဆောက်လုပ်
၁၁။ ၏။ ချထားပြီးသော အုတ်မြစ်မှာခရစ်တော်**ယေရှု**
ပင်ဖြစ်၍၊ ထိုအုတ်မြစ်အပြင် အခြားအုတ်မြစ်ကို
၁၂။ မည်သူမျှမချနိုင်ပေ။ အကယ်၍တစ်စုံတစ်ယောက်
သည်ထိုအုတ်မြစ်ပေါ်တွင်ရွှေ၊ငွေ၊ ကျောက်မျက်ရတ
နာ၊သစ်သား၊မြက်ခြောက်၊ ကောက်ရိုးအစရှိသည်တို့
၁၃။ နှင့်ဆောက်လုပ်အံ့။တစ်ဦးစီ၏လုပ်ငန်းသည်သိသာ
ထင်ရှားလာလိမ့်မည်။ အကြောင်းမူကားနောက်ဆုံး
သောနေ့ရက်သည် ထိုဆောင်ရွက်ချက်ကိုဖော်ထုတ်
လိမ့်မည်။ အကြောင်းမူကား ထိုဆောင်ရွက်ချက်ကို
မီးအားဖြင့်ဖော်ပြ၍၊မီးသည် တစ်ဦးစီ ဆောင်ရွက်ခဲ့
သည့်လုပ်ငန်း၏ အရည်အသွေးကိုစမ်းသပ်စစ်ဆေး
၁၄။ လိမ့်မည်။အကယ်၍အုတ်မြစ်ပေါ်တွင် တည်ဆောက်
ထားသော လုပ်ငန်းသည် မီးဒဏ်ကို ခံနိုင်အံ့။
ထိုသူသည် ဆုလာဒ်ကို ရလိမ့်မည်။
၁၅။ အကယ်၍ထိုလုပ်ငန်းသည် မီးလောင်ကျွမ်းပါက
ထိုသူသည် ဆုံးရှုံးမှုကို ခံစားရလိမ့်မည်။ သူကိုယ်
တိုင်မှာမူ ကယ်တင်ခြင်းရလိမ့်မည် ဖြစ်သော်လည်း
၁၆။ မီးဒဏ်ခံပြီးမှသာလျှင် ရလိမ့်မည်။ သင်တို့သည်
ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၍၊ဘုရားသခင်၏
ဝိညာဉ်တော်သည် သင်တို့အတွင်း၌ စံပယ်တော်
၁၇။ မူသည်ကိုသင်တို့မသိကြသလော။တစ်စုံတစ်ယောက်
သည် ဘုရားသခင်၏ ဗိမာန်တော်ကို ဖျက်ဆီးအံ့။
ထိုသူကို ဘုရားသခင် ဖျက်ဆီးတော်မူလိမ့်မည်။
အကြောင်းမူကား ဘုရားသခင်၏ ဗိမာန်တော်သည်
သန့်ရှင်းမွန်မြတ်၏။ထိုဗိမာန်တော်သည် သင်တို့ပင်
၁၈။ ဖြစ်သတည်း။မည်သူမျှမိမိကိုယ်ကိုမလှည့်စားစေနှင့်။
သင်တို့တွင်တစ်စုံတစ်ယောက်သည် မိမိကိုယ်ကိုဤ
ခေတ်ကာလတွင် ဉာဏ်ပညာရှိသူဟုထင်အံ့၊ထိုသူ
သည်ဉာဏ်ပညာရှိသူဖြစ်လာရန်အတွက်မိုက်မဲသူဖြစ်
၁၉။ ပါစေ။အကြောင်းမူကားဤကမ္ဘာလောက၏ဉာဏ်ပ
ညာသည် ဘုရားသခင်အတွက် မိုက်မဲခြင်းသာဖြစ်
သည်။အကြောင်းမူကား ကျမ်းစာတွင်ရေးထားသည်
မှာ၊ကိုယ်တော်သည်ဉာဏ်ပညာရှိသူတို့အားသူတို့၏

ပရိယာယ် ကျော့ကွင်းတွင် ဖမ်းမိလေပြီ။
၂၀။ တဖန် ရေးထားသည်မှာ ဉာဏ်ပညာရှိသူ တို့၏
အကြံအစည်တို့သည်အချီးနှီးဖြစ်ကြောင်းကို သခင်
၂၁။ ဘုရားသိတော်မူသည်ဟူ၍တည်း။သို့ဖြစ်၍၊မည်သူမျှ
လူပုဂ္ဂိုလ်တို့အတွက်မကြွားဝါစေနှင့်။ အကြောင်းမူ
ကားခပ်သိမ်းသောအရာတို့သည် သင်တို့နှင့်သက်
၂၂။ ဆိုင်ကြသည်။ **ပေါလု**ဖြစ်စေ၊ **အပိုလို**ဖြစ်စေ၊ **စေဖ**
ဖြစ်စေ၊ကမ္ဘာလောကဖြစ်စေ၊အသက်ရှင်ခြင်းဖြစ်စေ၊
သေခြင်းဖြစ်စေ၊ ပစ္စုပ္ပန်ဖြစ်စေ၊ အနာဂတ်ဖြစ်စေ၊
အားလုံးတို့သည် သင်တို့နှင့် သက်ဆိုင်ကြသည်။
၂၃။ သင်တို့သည်ခရစ်တော်နှင့်သက်ဆိုင်ပြီး၊ ခရစ်တော်
သည် ဘုရားသခင်နှင့် သက်ဆိုင်လေသတည်း။

## အခန်းကြီး (၄)
## တမန်တော်တို့၏ သာသနာလုပ်ငန်း

၁။ ငါတို့ကိုခရစ်တော်၏အစေခံများအဖြစ်လည်းကောင်း
၊ဘုရားသခင်နှင့်ဆိုင်ရာနက်နဲဖွယ်ရာများ၏ဘဏ္ဍာစိုး
၂။ များအဖြစ်လည်းကောင်း သင်တို့မှတ်ယူသင့်ကြ၏။
ထိုမျှမကဘဏ္ဍာစိုးတို့သည် ယုံကြည်စိတ်ချရသူများ
၃။ ဖြစ်ရန်လိုအပ်ပေသည်။ သို့သော်သင်တို့အားဖြင့်ဖြစ်
စေ၊ လူ့အဖွဲ့အစည်း၏ ခုံရုံးတစ်ခုအားဖြင့်ဖြစ်စေ
တရားစီရင်ခြင်းခံရလျှင်လည်းငါ့အတွက်မှုအသေးအ
ဖွဲမျှသာဖြစ်သည်။ ငါသည်မိမိကိုယ်ကိုပင်စီရင်ဆုံး
၄။ ဖြတ်သည်မဟုတ်ပေ။ ငါ၏ဆင်ခြေတုံတရားကိုဆန့်
ကျင်သည့်အရာ တစ်စုံတစ်ခုမျှ ငါသတိမပြုမိချေ။
ဤသို့ဖြစ်သော်လည်းငါသည် အပြစ်လွတ်သည်မ
ဟုတ်။သခင်ဘုရားသည်သာလျှင်ငါ့ကိုစီရင်ဆုံးဖြတ်
၅။ သူဖြစ်တော်မူသည်။ထို့ကြောင့်၊အချိန်မတိုင်မီ၊သခင်
ဘုရားကြွလာတော်မမူမီ စီရင်ဆုံးဖြတ်ချက်မချကြ
လေနှင့်။ ကိုယ်တော်သည် မှောင်မိုက်တွင် ဖုံးကွယ်
လျက်ရှိသည့်အရာများကို အလင်းသို့ယူဆောင်လာ
ပြီး၊ နှလုံးသား၏ ရည်ရွယ်ချက်များကိုလည်း ဖော်
ထုတ်တော်မူလိမ့်မည်။ ထိုအခါ လူတိုင်းသည် မိမိ
၏ထောက်ခံချက်ကို ဘုရားသခင်ထံမှရရှိလိမ့်မည်။
၆။ ညီအစ်ကိုတို့၊ သင်တို့၏ အကျိုးကို ရှုမျှော်၍ ဤ
အရာများအားလုံးကို **အပိုလို**နှင့် ငါကိုယ်တိုင်လက်
တွေ့ကျင့်ခဲ့ကြပြီ။ဤသို့ဖြင့်သင်တို့သည်ကျမ်းစာတွင်
ရေးသားထားသည်ထက်ကျော်လွန်၍၊ မပြုမူမိကြစေ
မည့်အကြောင်း ငါတို့ထံမှ သင်ယူကြစေရန်နှင့်၊
သင် တို့တစ်ဦးတစ်ယောက်မျှ၊ လူတစ်ဦးကို ဆန့်
ကျင့်ပြု၍၊ အခြားတစ်ဦးကို မျက်နှာလိုက်ကာ
ဝါကြွားပြောဆိုခြင်း မပြုကြစေရန်ဖြစ်သည်။
၇။ အကြောင်းမူကား၊ သင်တို့တွင် ထူးခြားသည့်အရာ
တစ်စုံတစ်ခုကို မည်သူမြင်ရသနည်း။ သင်မခံယူခဲ့
သည့်အရာဟူ၍ သင်တို့တွင် မည်သည့်အရာရှိသ
နည်း။ခံယူရရှိထားကြပါလျှင်အဘယ်ကြောင့် မခံယူ
၈။ ရသကဲ့သို့သင်တို့ ကြွားဝါနေကြသနည်း။ သင်တို့
သည်ပြည့်ဝလျက်ရှိနေကြပြီ။သင်တို့သည် ချမ်းသာ
ကြွယ်ဝလျက်ရှိနေကြပြီ။ငါတို့မပါဝင်ဘဲသင်တို့သည်
ဘုရင်များဖြစ်နေကြပြီ။ငါတို့သည်သင်တို့၏အုပ်ချုပ်
ရေးတွင်ဝေမျှထမ်းဆောင်နိုင်ကြရန်သင်တို့နန်းစံအုပ်
၉။ ချုပ်သောဘုရင်များဖြစ်ခဲ့ ကြပါလျှင်ကောင်းလေစွ။
ဘုရားသခင်သည် တမန်တော်များ ဖြစ်သောငါတို့
အားသေဒဏ်စီရင်ခံရသောလူများကဲ့သို့နောက်ဆုံးနေ
ရာတွင်ထားသည်ဟုငါထင်မှတ်သည်။အကြောင်းမူ
ကားငါတို့သည်ကမ္ဘာလောကနှင့်တကွသိကြားတမန်
များနှင့်လူများအတွက်မြင်ကွင်းတစ်ခုဖြစ်လာကြလေ
၁၀။ ပြီ။ငါတို့သည်ခရစ်တော်အတွက်မိုက်မဲသူများဖြစ်ကြ
ပြီး၊သင်တို့မူကားခရစ်တော်၌ ဉာဏ်ပညာရှိသူများ
ဖြစ်ကြ၏။ငါတို့သည်ခွန်အားနည်းကြပြီး၊ သင်တို့မူ
ကားခွန်အားရှိကြ၏။သင်တို့သည်ဂုဏ်သရေရှိကြပြီး၊
ငါတို့မူကား အသရေမဲ့ကြရပြီ။
၁၁။ ယခုအချိန်ထိ ငါတို့သည် အစာရေစာငတ်ပြတ်ကြ
၏။ အဝတ်အစားနွမ်းပါးကြပြီး၊ အရိုက်အပုတ်ခံကြ
၁၂။ ရကာ၊ အိမ်မဲ့ယာမဲ့ဖြစ်ကြရ၏။ ငါတို့သည် မိမိတို့
လက်များဖြင့်ပင်ပန်းစွာလုပ်ကိုင်ရကြ၏။ကျိန်ဆဲခြင်း
ကိုခံရသောအခါငါတို့ကောင်းချီးပေးကြသည်။ ညှင်း
ပန်းနှိပ်စက်ခြင်း ခံရသောအခါ သည်းခံကြသည်။
၁၃။ အသရေဖျက်ခံရသောအခါကြေအေးရန်၊ ငါတို့ကြိုး
စားကြသည်။ ယခုငါတို့သည် ကမ္ဘာလောက၏
အညစ်အကြေး၊ ခပ်သောအရာတို့၏အမှိုက်သရိုက်
၁၄။ ကဲ့သို့ဖြစ်ကြရပြီ။ငါသည် သင်တို့ အရှက်ကွဲစေရန်
ဤသို့ရေးသည်မဟုတ်၊သို့သော်ငါချစ်သောသားသမီး
များအနေဖြင့် သင်တို့အားဆုံးမရန်သာရေးခြင်းဖြစ်
သည်။အကြောင်းမူကား ခရစ်တော်၏လမ်းစဉ်ကို
၁၅။ လိုက်ရာတွင်သင်တို့၌လမ်းညွှန်သူထောင်ပေါင်းများ
စွာ ရှိသော်လည်း ဖခင်များစွာရှိသည် မဟုတ်ပေ။
ငါသည်ဧဝံဂေလိသတင်းကောင်းကို ဟောပြောခြင်း

ဖြင့်၊ ခရစ်တော်၌ သင်တို့၏ဖခင်ဖြစ်ခဲ့လေပြီ။
၁၆။ ထို့ကြောင့် ငါ့ကိုအတုယူကြပါဟုသင်တို့အား ငါနှိုး
၁၇။ ဆော်လိုပါသည်။သို့ဖြစ်၍၊နေရာအရပ်ရပ်ရှိ အသင်း
တော်အသီးသီးတွင် ခရစ်တော်၌ ငါကျင့်ကြံသည့်
လမ်းစဉ်များကိုသင်တို့အားပြန်လည်သတိပေးစေရန်၊
သခင်ဘုရား၌ငါချစ်မြတ်နိုးသည့်သစ္စာရှိသောငါ့သား
**တိမောသေ**ကို သင်တို့ထံသို့ ငါစေလွှတ်ခဲ့သည်။
၁၈။ ငါသည်သင်တို့ထံသို့လာတော့မည်မဟုတ် သကဲ့သို့
အချို့သည် မောက်မာထောင်လွှားလျက်ရှိကြ၏။
၁၉။ သခင်ဘုရားအလိုတော်ရှိပါက ငါသည် သင်တို့ထံ
သို့ မကြာမီ လာမည်ဖြစ်ပြီး၊ ဤမောက်မာထောင်
လွှားသော သူတို့၏အပြောကိုမဟုတ် သူတို့၏
၂၀။ အားတန်ခိုးကိုသိရှိရန်လေ့လာလိမ့်မည်။ အကြောင်း
မူကား ဘုရားသခင်၏ နိုင်ငံတော်သည် အပြော
ဖြင့်မဟုတ် အားတန်ခိုးဖြင့် တည်ရှိသည်။
၂၁။ သင်တို့သည် မည်သည့်အရာကိုအလိုရှိကြသနည်း။
ငါသည် သင်တို့ထံသို့ ကြိမ်လုံးကိုင်၍လာရမည်
လော။ သို့တည်းမဟုတ် နူးညံ့သိမ်မွေ့သောစိတ်
ထားရှိလျက် မေတ္တာတရားဖြင့် လာရမည်လော။

## အခန်းကြီး (၅)
## ကိုယ်ကျင့်တရားပျက်ပြားမှုသည် အသင်းတော်ကို ထိခိုက်ခြင်း

၁။ သင်တို့တွင် လိင်နှင့်ဆိုင်သော ကိုယ်ကျင့်တရား
ပျက်ပြားမှုရှိသည်ဟု သတင်းရရှိထား၏။ ထို့ကဲ့သို့
သော ပျက်ပြားမှုကိုလူမျိုးခြားတို့ အလယ်တွင်ပင်
မတွေ့ရချေ။ အကြောင်းမူကား လူတစ်ဦးသည် မိမိ
ဖခင်၏ မယားနှင့်ပေါင်းသင်းနေထိုင်လျက်ရှိ၏။
၂။ ထိုသို့ဖြစ်လျက်သင်တို့သည် မောက်မာထောင်လွှား
ကြသေး၏။ သင်တို့သည် ဝမ်းနည်းပူဆွေးသင့်
ကြသည်မဟုတ်လော။ဤသို့ပြုကျင့်သူသည် သင်တို့
၃။ ထဲမှဖယ်ရှားပစ်ခြင်းခံရပါစေ။ငါသည်ခန္ဓာကိုယ်အား
ဖြင့်ဝေးကွာနေသော်လည်း စိတ်ဝိညာဉ်အားဖြင့်သင်
တို့နှင့်ရှိနေသည်။ငါအမှန်တကယ်ရှိနေသကဲ့သို့ပင်
၄။ တရားစီရင်ချက်ကို ထိုကဲ့သို့သော အမှုပြုကျင့်သူ
အပေါ် သခင်**ယေရှု**၏နာမတော်နှင့် ချမှတ်လိုက်
လေပြီ။ သင်တို့စည်းဝေးကြသောအခါ ငါ၏စိတ်
ဝိညာဉ်သည် သင်တို့နှင့်အတူရှိနေပြီး၊ ငါတို့သခင်
၅။ **ယေရှု**၏ တန်ခိုးတော်အားဖြင့်၊ သင်တို့သည် ထို
သူကိုသွေးသား၏ပျက်ဆီးခြင်းအတွက်**ဆာတန်**နတ်
ဆိုး၏လက်သို့အပ်ရမည်၊သို့မှသာလျှင်သခင်ယေရှု
၏ နေ့ရက်ကာလတွင် ထိုသူ၏ ဝိညာဉ်သည်
၆။ ကယ်တင်ခြင်းခံရပေမည်။ သင်တို့၏ကြွားဝါမှုသည်
ကောင်းသောအရာမဟုတ်ပေ။ တဆေးအနည်းငယ်
သည်မုန့်ညက်တပြင်လုံးကိုဖောင်းကြွစေကြောင်းသင်
၇။ တို့မသိကြသလော။ တဆေးအဟောင်းကို စွန့်ပစ်
ကြလော့။ သို့မှသာလျှင် သင်တို့သည်အမှန်စင်စစ်
တဆေးမဲ့ဖြစ်ကြသည်နှင့်အညီ မုန့်ညက်အသစ်ဖြစ်
ကြပေမည်။ အကြောင်းမူကား ငါတို့၏ပါစကား
သိုးငယ်တော်ဖြစ်သောခရစ်တော်သည်ယဇ်ကောင်အ
ဖြစ်ပူဇော်ခြင်းခံခဲ့ရလေပြီ။ထို့ကြောင့် ယုတ်မာမှုနှင့်
၈။ မကောင်းမှုတည်းဟူသောတဆေးဟောင်းဖြင့်မဟုတ်
ဘဲ၊ရိုးသားဖြောင့်မတ်မှုနှင့်အမှန်တရားတည်းဟူသော
တဆေးမဲ့မုန့်ဖြင့်ပွဲတော်ကို ကျင်းပကြစို့။
၉။ လိင်နှင့်ဆိုင်သောကိုယ်ကျင့်တရားပျက်ပြားသူတို့နှင့်
အပေါင်းအသင်းမလုပ်ကြရန်ငါ၏စာထဲတွင်သင်တို့
၁၀။ အား ရေးသားမှာကြားခဲ့သည်။ ထိုသို့ ဆိုရာတွင်
ကမ္ဘာလောကတွင်းရှိလိင်နှင့်ဆိုင်သောအကျင့်စာရိတ္တ
ပျက်ပြားသူများကိုဆိုလိုသည်မဟုတ်။လောဘကြီးသူ
များ၊သူခိုးဓါးပြများ၊ ရုပ်တုကိုးကွယ်သူများကိုဆိုလို
ခြင်းလည်းမဟုတ်ပေ။ထိုသို့ဖြစ်ပါက သင်တို့သည်
ဤကမ္ဘာလောကကြီး ထဲမှထွက်ခွါသွားကြရန်သာ
၁၁။ ရှိပေတော့မည်။ သို့ရာတွင် ငါရေးခဲ့သည်မှာ
မိမိကိုယ်ကို ခရစ်ယာန်ညီ အစ်ကိုဟုအမည်ခံပြီး၊
လိင်နှင့်ဆိုင်သောအကျင့်စာရိတ္တပျက်ပြားမှု၊ လောဘ
ကြီးမှုတို့နှင့်ညီစွန်းနေသူ၊ တိုက်ခိုက်လုယူသူတို့နှင့်
အပေါင်းအသင်းမလုပ်ရန်ကိုသာဆိုလိုသည်။ ထိုသို့
သောသူနှင့်အတူတကွစားသောက်ခြင်းကိုပင်မပြုလေ
နှင့်။
၁၂။ အပြင်လူတို့ကို တရားစီရင်ခြင်းသည်ငါနှင့်မည်သို့
သက်ဆိုင်သနည်း။ အသင်းတော်အတွင်းရှိလူတို့ကို
သာသင်တို့ တရားစီရင်ကြရမည် မဟုတ်လော။
၁၃။ ဘုရားသခင်သည် အပြင်လူတို့ကိုတရားစီရင်တော်
မူလိမ့်မည်။ဆိုးညစ်ယုတ်မာသောသူကိုသင်တို့အထဲ
မှမောင်းထုတ်ကြလော့။ (တရားဟောရာကျမ်း၁၇း၇
တွင်ပါရှိသည်။)

## အခန်းကြီး (၆)

### ယုံကြည်သူအချင်းချင်း တရားစွဲဆိုခြင်း

၁။ သင်တို့တွင် တစ်ဦးတစ်ယောက်သည် မိမိညီအစ်ကို
အပေါ် မကျေနပ်မှုရှိလျှင်၊ သန့်ရှင်းသူများထံသို့
မသွားဘဲမဖြောင့်မတ်သူတို့၏ တရားစီရင် ချက်ကို
၂။ ခံယူဝံ့ပါသလော။သန့်ရှင်းသူတို့သည်ကမ္ဘာလောက
ကိုတရားစီရင်လိမ့်မည်ဖြစ်ကြောင်းသင်တို့မသိကြသ
လော။ကမ္ဘာလောကသည်သင်တို့၏တရားစီရင်မှုကို
ခံယူရမည်ဖြစ်လျှင်၊သင်တို့သည်အသေးအဖွဲ့အမှုခင်း
၃။ များကိုစီရင်ရန်အရည်အချင်းမရှိကြသလော။ ငါတို့
သည် သိကြားတမန်တော်များကို တရားစီရင်ရမည်
ဖြစ်ကြောင်း သင်တို့မသိကြသလော။ ဤဘဝနှင့်
ဆိုင်သည့် အမှုများကို ငါတို့ မည်မျှလောက်ပို၍
၄။ ဆောင်ရွက်နိုင်ကြပေမည်နည်း။ သို့ဖြစ်၍သင်တို့၌
ထိုကဲ့သို့သော အမှုအခင်းများရှိလျှင် အသင်းတော်
၏ကြည်ညိုလေးစားခြင်း မခံရသူတို့ရှေ့မှောက်တွင်
၅။ အဘယ်ကြောင့်တင်ပြကြသနည်း။ သင်တို့အတွက်
ရှက်ဖွယ်ဖြစ်စေရန်ဤသို့ငါဆိုသည်။ ညီအစ်ကိုတို့
၏အဖွဲ့အစည်းတွင် တရားစီရင်ဆုံးဖြတ်နိုင်လောက်
သည့် ဉာဏ်ပညာရှိသူ တစ်ဦးမျှ မရှိဟူ၍ ဖြစ်နိုင်
၆။ ပါသလော။ ညီအစ်ကို အချင်းချင်း တရားစွဲ၍
၇။ လူမျိုးခြားတို့ထံ တင်ပြရကြပါသလော။ အချင်း
ချင်းတရားစွဲဆိုမှုသည် သင်တို့အတွက် ရှုံးနိမ့်ခြင်း
ပင်ဖြစ်သည်။ တရားစွဲဆိုမည့်အစား မတရားပြုခြင်း
ကိုခံသည်ကား ပို၍ကောင်းသည်မဟုတ်ပါလော။
လိမ်ညာခံရခြင်းကားပို၍ကောင်းသည်မဟုတ်လော။
၈။ သို့သော် သင်တို့ကိုယ်တိုင် မတရားပြုကြသည်။
လိမ်ညာကြသည်။ မိမိတို့၏ ညီအစ်ကိုများကိုပင်
၉။ ထိုသို့ဆက်ဆံကြသည်။ မကောင်းမှုကိုပြုသောသူ
သည်ဘုရားသခင်၏နိုင်ငံတော်ကို အမွေခံရလိမ့်မည်
မဟုတ်ကြောင်း သင်တို့မသိကြသလော။ အမြင်
မလွဲမှားစေကြနှင့်။ကာမဂုဏ်လိုက်စားသူများ၊ရုပ်တု
ကိုးကွယ်သူများ၊ သူ့သားမယားကိုပြစ်မှားသူများ၊
လိင်တူဆက်ဆံသူများ ပြည့်တန်ဆာများ၊သူခိုးများ၊
၁၀။ လောဘကြီးသူများ၊ သောက်စား မူးယစ်သူများ၊
အသရေဖျက်သူများ၊တိုက်ခိုက်လုယက်သူများတို့တွင်
တစ်ယောက်မျှ ဘုရားသခင်၏ နိုင်ငံတော်ကို
အမွေခံရလိမ့်မည် မဟုတ်ပေ။
၁၁။ သင်တို့တွင် အချို့တို့သည် ထိုကဲ့သို့ဖြစ်ခဲ့ကြ၏။
သို့ရာတွင် သင်တို့သည် ဆေးကြောခြင်းခံခဲ့ရပြီး၊
သန့်ရှင်းမွန်မြတ်သည့် အဖြစ်သို့ ရောက်ခဲ့ကြပြီ။
ငါတို့ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ငါတို့သခင်
**ယေရှု**၏နာမတော်အားဖြင့် သင်တို့သည်အပြစ်၏
အနှောင်အဖွဲ့မှ လွတ်မြောက်ခဲ့ကြလေပြီ။

### ဘုရားသခင်ကို သင်တို့၏ကိုယ်ခန္ဓာအားဖြင့် ဂုဏ်ပြုကြလော့။

၁၂။ အားလုံးသော အရာတို့သည် ငါ့အတွက်တရားဝင်
ဖြစ်သော်လည်းအားလုံးသောအရာတို့သည် အကျိုးရှိ
စေသောအရာများမဟုတ်ပေ။ အားလုံးသောအရာတို့
သည်ငါ့အတွက်တရားဝင်ဖြစ်သော်လည်း မည့်သည့်
အရာကမျှ ငါ့ကို ကျွန်ပြုစေရလိမ့်မည်မဟုတ်
၁၃။ အစားအစာသည် ဝမ်းဗိုက်အတွက်ဖြစ်ပြီး၊ဝမ်းဗိုက်
သည်လည်း အစားအစာအတွက် ဖြစ်သည်မှန်သော်
လည်းဘုရားသခင်သည်ထိုအရာနှစ်ခုလုံးကိုဖျက်ဆီး
လိမ့်မည်။ ကိုယ်ခန္ဓာသည်လိင်နှင့်ဆိုင်သောအကျင့်
စာရိတ္တပျက်ပြားမှုအတွက်မဟုတ်၊သို့သော်ကိုယ်ခန္ဓာ
ဘုရားသခင်အတွက်ဖြစ်ပြီး၊ဘုရားသခင်သည်ကိုယ်ခ
န္ဓာအတွက်ဖြစ်သည်။ ဘုရားသခင်သည် **ယေရှု**
၁၄။ သခင်ကို ရှင်ပြန်ထမြောက်စေခဲ့ပြီး၊ ထိုသခင်၏
တန်ခိုးတော်အားဖြင့် ငါတို့ကိုလည်း ရှင်ပြန်ထ
၁၅။ မြောက်စေလိမ့်မည်။ သင်တို့၏ကိုယ်ခန္ဓာများသည်
ခရစ်တော်၏ခန္ဓာ အစိတ်အပိုင်းများ ဖြစ်ကြောင်း
သင်တို့မသိကြသလော။ ထိုသို့ဖြစ်လျက်နှင့်ငါသည်
ခရစ်တော်၏ ခန္ဓာအစိတ်အပိုင်းများကိုယူ၍ ပြည့်
တန်ဆာတစ်ယောက်၏ ခန္ဓာအစိတ်အပိုင်းများဖြစ်
စေလိမ့်မည်လော။ မည်သည့်အခါမျှ မဖြစ်စေရ။
၁၆။ မိမိကိုယ်ကို ပြည့်တန်ဆာတစ်ယောက်နှင့်ပေါင်းစပ်
သူသည် သူမနှင့်ကိုယ်ခန္ဓာတစ်ခုတည်းဖြစ်ကြောင်း
၁၇။ သင်တို့မသိကြသလော။အကြောင်းမူကားနှစ်ဦးသည်
တစ်သားတည်းဖြစ်လိမ့်မည်ဟုဆိုထား၏။သို့ရာတွင်
သခင်ဘုရားနှင့်ပေါင်းစပ်သူသည် ကိုယ်တော်နှင့်
စိတ်တလုံးတဝတည်းဖြစ်၏။ကာမဂုဏ်လိုက်စားခြင်း
၁၈။ ကိုရှောင်လော့။လူတစ်ဦးကျူးလွန်သည့်အပြစ်မှန်သ
မျှသည်ကိုယ်ခန္ဓာ၏ပြင်ပတွင်သာဖြစ်၏၊ သို့သော်
ကာမဂုဏ်လိုက်စားသူ၏အပြစ်များသည်မိမိ၏ကိုယ်
၁၉။ ခန္ဓာကိုထိခိုက်သည်။ သင်တို့၏ ကိုယ်ခန္ဓာသည်၊
ဘုရားသခင်ထံမှ သင်တို့ခံယူရရှိထားသည့်သင်တို့

အတွင်းရှိသန့်ရှင်းသောဝိညာဉ်တော် စံပယ်ရာဗိမာန်
တော်ဖြစ်ကြောင်းနှင့်သင်တို့ကိုယ်ကို သင်တို့မပိုင်
ကြောင်းကို သင်တို့မသိကြသလော။
၂၀။ သင်တို့ကိုအဖိုးအခပေး၍ဝယ်ယူထားခြင်းဖြစ်သည်။
ထို့ကြောင့်သင်တို့၏ကိုယ်ခန္ဓာအားဖြင့်ဘုရားသခင်
၏ ဘုန်းတော်ဂုဏ်တော်ကို ထင်ရှားစေကြလော့။

## အခန်းကြီး(၇)
## လက်ထပ်ထိမ်းမြားခြင်းနှင့်ဆိုင်ရာ ပြဿနာများ

၁။ သင်တို့ရေးသားပေးပို့လိုက်သော စာတွင်ပါရှိသည့်
အကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြောရမည်ဆို
လျှင်၊ ယောကျ်ားတစ်ဦးသည် မိန်းမတစ်ဦးကို
၂။ မတို့မထိလျှင် ကောင်းပေ၏။ သို့သော်လည်း လိင်
နှင့်ဆိုင်ရာ အကျင့်စာရိတ္တပျက်ပြားမှုသို့ ကျရောက်
စေရန် သွေးဆောင်ခံရကြမြဲဖြစ်သောကြောင့် ယော
ကျ်ားတိုင်းတွင် ကိုယ်ပိုင်ဇနီးရှိသင့်ပြီး၊ မိန်းမတိုင်း
တွင်လည်း ကိုယ်ပိုင်လင်ယောကျ်ားရှိသင့်ပေသည်။
၃။ လင်ယောကျ်ားသည်မိမိ၏ဇနီးအား သူမအိမ်ထောင်
ဖက်အခွင့်အရေးကိုပေးသင့်သကဲ့သို့ဇနီးသည်လည်း
၄။ မိမိ၏ခင်ပွန်းအားထိုနည်းတူပြုရမည်။ အကြောင်းမူ
ကားဇနီးသည်မိမိ၏ကိုယ်ခန္ဓာကိုမပိုင်ဆိုင်ဘဲ၊ လင်
ယောကျ်ားကသာလျှင်ပိုင်ဆိုင်သည်။ လင်ယောကျ်ား
သည်လည်း မိမိ၏ကိုယ်ခန္ဓာကိုမပိုင်ဆိုင်ဘဲ၊ ဇနီး
သည်ကသာလျှင် ပိုင်ဆိုင်သည်။
၅။ ဆုတောင်းမေတ္တာပို့ရန်အတွက်၊ အချိန်ကာလတစ်ခု
ကို သတ်မှတ်ပြီး၊ နှစ်ဦးသဘောတူရှောင်ကြဉ်ခြင်း
မှလွဲ၍၊ တစ်ဦး၏အလိုဆန္ဒကိုတစ်ဦးကဖြည့်ဆည်း
ပေးရန် ငြင်းဆိုခြင်းမပြုကြနှင့်။ ထိုအချိန်ကုန်လွန်
လျှင် ပြန်လည်ပေါင်းသင်းကြလော့။ ထိုသို့မဟုတ်
လျှင် စိတ်အလိုဆန္ဒ မထိန်းနိုင်မှုကို **စာတန်**နတ်
၆။ ဆိုးက အခွင့်ကောင်းယူ၍ နှောင့်ယှက်လိမ့်မည်။
ငါဤသို့ဆိုရာတွင် အခွင့်ပြုခြင်းသာဖြစ်ပြီး အမိန့်
၇။ ပေးခြင်းမဟုတ်ပေ။ လူအားလုံးသည် ငါကဲ့သို့ဖြစ်
ခဲ့လျှင် ကောင်းလေစွ။ သို့သော် တစ်ဦးစီသည်
ဘုရားသခင်ထံမှ အထူးကျေးဇူးတော်ကို သီးခြား
ရရှိခံစားရသည်။တစ်ဦးကတစ်မျိုး၊နောက် တစ်ဦးက
၈။ အခြားတစ်မျိုးကို ရရှိသည်။ အိမ်ထောင်မပြုသူများ
နှင့် မုဆိုးမများအား ငါဆိုသည်မှာ ငါကဲ့သို့
တစ်ကိုယ်တည်းဆက်လက်နေထိုင်နိုင်ပါလျှင် သူတို့
၉။ အတွက်ကောင်းပါ၏။ သို့သော် သူတို့သည်
စိတ်အလိုဆန္ဒကို မထိန်းနိုင်ကြပါလျှင် အိမ်ထောင်
ပြုသင့်ကြ၏။ အကြောင်းမူကား ရာဂစိတ်ဖြင့်
တောက်လောင်နေခြင်းထက် အိမ်ထောင်ပြုခြင်းက
၁၀။ ပို၍ကောင်းပေ၏။အိမ်ထောင်သည်များအားငါပညတ်
သည်သို့သော်ငါပညတ်သည်မဟုတ်ဘဲ ဘုရားသခင်
ပညတ်သည်မှာဇနီးသည်သည်မိမိ၏ခင်ပွန်းနှင့်မကွဲ
၁၁။ မကွာအပ်။ အကယ်၍ ကွဲကွာခဲ့ပါလျှင် သူမသည်
တကိုယ်တည်း ဆက်လက်နေထိုင်ပါစေ၊ သို့
မဟုတ်ခင်ပွန်းသည်နှင့်ပြန်လည်ပေါင်းသင်းပါစေ။
လင်ယောကျ်ားသည်လည်း မိမိ၏ဇနီးကို မကွာရှင်း
၁၂။ အပ်ပေ။ သခင်ဘုရားက ပညတ်တော်မမူသော်
လည်း ငါကကျန်ရှိသူအားလုံးတို့အားပြောလိုသည်
မှာ ညီအစ်ကိုတစ်ဦး၌ မယုံကြည်သူဇနီးတစ်ဦး ရှိ၍၊
ထိုဇနီးက သူနှင့်အတူ ပေါင်းသင်းနေထိုင်ရန်
၁၃။ သဘောတူပါလျှင် သူမကိုမကွာရှင်းအပ်။ အမျိုး
သမီးတစ်ဦး၌လည်း မယုံကြည်သူ လင်ယော
ကျ်ားရှိ၍၊ ထိုခင်ပွန်းသည်က သူမနှင့်အတူ ပေါင်း
သင်းနေထိုင်ရန် သဘောတူပါလျှင် သူ့ကိုမကွာ
၁၄။ ရှင်းအပ်ပေ။ မယုံကြည်သူ လင်ယောကျ်ားသည်
မိမိ၏ဇနီးအားဖြင့် သန့်ရှင်းမွန်မြတ်သည့်အဖြစ်သို့
ရောက်ရှိပြီး၊ မယုံကြည်သော ဇနီးသည်လည်း မိမိ
၏ လင်ယောကျ်ားအားဖြင့် သန့်ရှင်းမွန်မြတ်သည့်
အဖြစ်သို့ရောက်လေ၏။ ထိုသို့မဟုတ်လျှင်သင်တို့
၏ သားသမီးတို့သည် မသန့်ရှင်းမစင်ကြယ်ဘဲရှိခဲ့
ကြမည်။သို့ရာတွင်ယခုအတိုင်းဖြစ်လျှင် သူတို့သည်
၁၅။ သန့်ရှင်းမွန်မြတ်ကြ၏။ သို့ရာတွင် မယုံကြည် သော
ခင်ပွန်းသည်ကကွာရှင်းလိုပါလျှင်၊ ကွာရှင်း ပါစေ။
ထိုသို့သော အခြေအနေတွင် ယုံကြည်သူ ညီအစ်ကို၊
ညီအစ်မတို့သည် အနှောင်အဖွဲ့မှလွတ်
ကင်းကြသည်။ အကြောင်းမူကားဘုရားသခင်သည်
ငါတို့အား စိတ်ချမ်းမြေ့စွာ နေထိုင်ကြစေရန်
၁၆။ ခေါ်တော်မူခဲ့လေပြီ။ အကြင်ဇနီးသည်၊ သင်သည်
သင်၏လင်ယောကျ်ားကိုကယ်တင်နိုင်လိမ့်မည်ဟုတ်၊
မဟုတ်ကို သင်မည်သို့သိနိုင်မည်နည်း။ အကြင်လင်
ယောကျ်ား၊သင်သည်သင်၏ ဇနီးသည်ကိုကယ်တင်
နိုင်လိမ့်မည်ဟုတ်၊မဟုတ်ကိုသင်မည်သို့သိနိုင်မည်နည်း။

## သခင်ဘုရားသတ်မှတ်ပေးအပ်သည့် ဘဝသက်တာ

၁၇။ လူတိုင်းသည် မိမိအား ဘုရားသခင်ခေါ်တော်မူပြီး၊
ကိုယ်တော်သတ်မှတ်ပေးသည့် ဘဝသက်တာကိုနေ
ထိုင်ပါစေ။ ဤအချက်သည် အသင်းတော်အားလုံး
၁၈။ အတွက် ငါ၏စည်းမျဉ်းဖြစ်သည်။ တစ်ဦးတစ်
ယောက်သည် ခေါ်တော်မူခြင်းခံရချိန်တွင် အရေ
ဖျားလှီးခြင်း ခံရပြီးဖြစ်ပါက အရေဖျားလှီးခြင်းခံရ
ချိန်ကရရှိခဲ့သည့်အမှတ်အသားများကိုဖယ်ရှားပစ်ရန်
မကြိုးစားပါစေနှင့်၊ တစ်ဦးတစ်ယောက်ခေါ်တော်မူ
ခြင်းခံရချိန်၌အရေဖျားလှီးခြင်းမခံရသေးပါကလည်း
အရေဖျားလှီးခြင်းခံရန်မကြိုးစားပါစေနှင့်။
၁၉။ အကြောင်းမူကားအရေဖျားလှီးခြင်းခံသည်၊မခံသည်
မှာအဓိကမဟုတ်၊ဘုရားသခင်၏ပညတ်တော်များကို
၂၀။ စောင့်ထိန်းခြင်းသည်သာအဓိကဖြစ်သည်။ လူတိုင်း
သည် မိမိခေါ်တော်မူခြင်းခံရသည့် ဘဝအခြေအနေ
၂၁။ တွင်ဆက်လက်နေထိုင်သင့်သည်။ ခေါ်တော်မူခြင်းခံ
သည့်အချိန်က သင်သည် ကျွန်ဘဝ၌ ရှိနေခဲ့လျှင်
လည်း မစိုးရိမ်လေနှင့်။ သို့သော် လွတ်မြောက် ခြင်း
ရနိုင်မည်ဆိုလျှင်မူ ထိုအခွင့်အရေးကို ယူပါ
၂၂။ လော့။ အကြောင်းမူကား၊ ကျွန်ဘဝ၌ သခင်ဘုရား
၏ ခေါ်တော်မူခြင်းကို ခံရသောသူသည် သခင်
ဘုရား၏ လွတ်လပ်သူဖြစ်၏။ ထိုနည်းတူစွာခေါ်
တော်မူခြင်း ခံရချိန်တွင် လွတ်လပ်သူသည်လည်း
၂၃။ ခရစ်တော်၏ကျေးကျွန်ဖြစ်လေ၏။ သင်တို့ကိုအဖိုး
အခပေး၍ ဝယ်ယူထားရသောကြောင့် လူတို့၏
၂၄။ ကျေးကျွန်မဖြစ်ကြနှင့်။ သို့ဖြစ်၍၊ ညီအစ်ကိုတို့
သင်တို့အသီးသီးသည်မည်ကဲ့သို့သောအခြေအနေမျိုး
၌ခေါ်တော်မူခြင်းခံခဲ့ရသည်ဖြစ်စေ၊ထိုအခြေအနေ၌
သာလျှင် ဆက်လက်၍ ဘုရားသခင်နှင့်အသက်ရှင်
နေထိုင်ပါလော့။

## အိမ်ထောင်မပြုသူများနှင့် မုဆိုးမများ

၂၅။ အိမ်ထောင်မပြုသူများနှင့် ပါတ်သက်ပြီးသခင်ဘုရား
၏ ပညတ်ချက်ဟူ၍ ငါ၌မရှိ။ သို့သော် သခင်
ဘုရား၏ ကရုဏာတော်အားဖြင့် ယုံကြည်စိတ်ချ
ထိုက်သူတစ်ဦးဖြစ်ရသည့် ငါ၏ ထင်မြင်ချက်ကို
၂၆။ ပေးပါမည်။ လတ်တလောဖြစ်ပျက်နေသည့် ဝမ်း
နည်းဖွယ်ရာကိုထောက်ရှု၍၊လူတစ်ဦးသည် လက်ရှိ
အခြေအနေတွင် ဆက်လက်နေထိုင်လျှင်ကောင်းမည်
၂၇။ ဟုငါထင်သည်။သင်၌ဇနီးမယား၏ အနှောင်အဖွဲ့ရှိ
ပါသလော။လွတ်လပ်ရန်မကြိုးစားပါနှင့်။ သင်သည်
ဇနီးမယားမရှိ၊လွတ်လပ်ပါသလော။ လက်ထပ်ထိမ်း
၂၈။ မြားရန်မကြိုးစားပါနှင့်။သို့ရာတွင် သင်သည်လက်
ထပ်၍အိမ်ထောင်ပြုလျှင်လည်း သင်သည် အပြစ်ပြု
သည်မဟုတ်။အပျိုကညာတစ်ဦးသည်အိမ်ထောင်ပြု
လျှင်လည်း သူမသည် အပြစ်ပြုသည်မဟုတ်ပေ။
အိမ်ထောင်ပြုသူတို့သည်လောကီဒုက္ခအခက်အခဲများ
ကိုရင်ဆိုင်ရလိမ့်မည်။ ထိုအခက်အခဲတို့နှင့်သင်တို့
၂၉။ အားငါကင်းဝေးစေလိုသောကြောင့်ဖြစ်၏။ညီအစ်ကို
တို့ငါဆိုလိုသည်ကားသတ်မှတ်ထားသောအချိန်သည်
အလွန်တိုတောင်းလာလေပြီ။ယခုမှစ၍ ဇနီးမယားရှိ
၃၀။ သူတို့သည်မရှိသကဲ့သို့နေထိုင်ကြစေ။ ငိုကြွေးသော
သူတို့သည်လည်း မငိုကြွေးသကဲ့သို့လည်းကောင်း၊
ပျော်ရွှင်ဝမ်းမြောက်ကြသူတို့သည်မပျော်ရွှင်သကဲ့သို့
လည်းကောင်း၊ ဥစ္စာပစ္စည်းဝယ်ယူထားသောသူတို့
၃၁။ သည်လည်းသူတို့တွင် ဥစ္စာပစ္စည်းများ မရှိသကဲ့သို့
လည်းကောင်း၊ကမ္ဘာလောကနှင့် ဆက်ဆံသူတို့သည်
လည်းဆက်ဆံခြင်းမရှိသကဲ့သို့လည်းကောင်းနေထိုင်
ကြလော့။အကြောင်းမူကား ဤကမ္ဘာလောကကြီး၏
ပုံပန်းသဏ္ဍာန်သည်ကုန်လွန်သွားလျက်ရှိ၏။
၃၂။ ငါသည်သင်တို့ကိုစိုးရိမ်ပူပန်းမှုများနှင့်ကင်းဝေးစေ
လို၏။အိမ်ထောင်မပြုသောလူတစ်ဦးသည်သခင်ဘုရားနှစ်
သက်စေရန် မည်သို့ဆောင်ရွက်ရမည်ဟူသော အမှု
၃၃။ ကိစ္စများအတွက်သာစိုးရိမ်၏။ သို့သော်အိမ်ထောင်
ပြုသောလူတစ်ဦးမှာမူ မိမိ၏ဇနီးနှစ်သက်ရန် မည်
သို့ ဆောင်ရွက်ရမည်ဟူသော လောကီအမှုကိစ္စများ
၃၄။ အတွက်စိုးရိမ်ရလေ၏။ သူ၏စိတ်ဝင်စားမှုတို့သည်
နှစ်ခွဖြစ်နေ၏။ အိမ်ထောင်မပြုသော အမျိုးသမီး
သို့မဟုတ်အပျိုကညာသည်မိမိ၏ကိုယ်ခန္ဓာနှင့်စိတ်
ဝိညာဉ်ကို မည်ကဲ့သို့ သန့်ရှင်းမွန်မြတ်စေရမည်ဟူ
သော သခင်ဘုရားနှင့်ဆိုင်သည့် အမှုကိစ္စတို့
အတွက်သာစိုးရိမ်တတ်၏။ သို့ရာတွင်အိမ်ထောင်ရှိ
သော အမျိုးသမီးမှာမူ မိမိ၏ခင်ပွန်းနှစ်သက်ရန်
မည်သို့ပြုရမည်ဟူသော လောကီအမှုကိစ္စတို့အတွက်
၃၅။ စိုးရိမ်ရလေသည်။ ဤသို့ ငါဆိုသည်ကား သင်တို့
၏ ကောင်းကျိုးအတွက်သာဖြစ်သည်။ သင်တို့ကို
ချုပ်ချယ်လို၍မဟုတ်၊ စနစ်တကျရှိမှုကိုမြှင့်တင်ရန်
နှင့် သခင်ဘုရားအား အကြွင်းမဲ့ဆက်ကပ်မှုရရှိနိုင်

၃၆။ ရန် အတွက်သာလျှင်ဖြစ်သည်။ အကယ်၍ တစ်ဦး
တစ်ယောက်က မိမိသည်စေ့စပ်ထားသူအပေါ်၌
မသင့်လျော်သော အနေအထိုင်ပြုမူနေသည်ဟုထင်
လျှင် ဖြစ်စေ၊ မိမိ၏ဆန္ဒ ရမ္မက်များသည်လည်း
ပြင်းပြ၍ဖြစ်စေ၊ထိုကဲ့သို့ လည်းဖြစ်ရမည်သာဖြစ်၍
ထိုသူအား သူနှစ်သက် သလိုဆောင်ရွက်ပါစေ။
သူတို့နှစ်ဦးလက်ထပ်ထိမ်းမြားပါစေ။ ဤသို့ပြုခြင်း
သည် အပြစ်မဟုတ်ပေ။
၃၇။ သို့ပါသော်လည်း မည်သူမဆို မိမိ၏စိတ်ဓါတ်ကို
ကြံ့ခိုင်စေပြီး၊ လိုအပ်၍ မဟုတ်ဘဲ မိမိ၏
ဆန္ဒရမ္မက်ကို ထိန်းချုပ်ကာစေ့စပ်ထားသူအဖြစ်နှင့်
သာဆက်လက်ထားရှိမည်ဟု မိမိ၏စိတ်ထဲ၌ ဆုံး
၃၈။ ဖြတ်ထားလျှင်လည်းကောင်းပေ၏။ ဤသို့ဖြင့်၊
မိမိစေ့စပ်ထားသောသူကို လက်ထပ်ထိမ်းမြားသော
သူသည် ကောင်းမွန်စွာပြုကျင့်၏။ လက်ထပ်ထိမ်း
မြားခြင်းကို ရှောင်ကျဉ်သောသူကား ပို၍ပင်
၃၉။ ကောင်းမွန်ပေလိမ့်မည်။ ဇနီးသည်တစ်ဦးသည် မိမိ
၏ လင်ယောကျ်ား အသက်ရှင်သရွေ့အနှောင်အဖွဲ့
မှ မလွတ်ကင်းပေ။ လင်ယောကျ်ားသေဆုံးလျှင်မူ
သူမသည် မိမိနှစ်သက်သော သူကိုသခင်ဘုရား၏
တရားတော်နှင့်အညီ လက်ထပ်ထိမ်းမြားနိုင်သည်။
၄၀။ သို့သော် ငါ၏ ဆုံးဖြတ်ချက်အရမူ သူမသည်
လက်ရှိအခြေအနေအတိုင်း ဆက်လက်နေထိုင်လျှင်
ပိုမိုပျော်ရွှင်ပေမည်။ ငါ၌ ဘုရားသခင်၏ ဝိညာဉ်
တော်ရှိသည်ဟူ၍လည်း ငါထင်သည်။

## အခန်းကြီး (၈)

## ရုပ်တုများထံ ပူဇော်ပသထားသည့် အစားအစာ

၁။ ရုပ်တုများထံ ပူဇော်ပသထားသည့် အစားအစာများ
နှင့်ပတ်သက်၍၊ငါတို့အားလုံးသည်အသိဉာဏ်ကိုပိုင်
ဆိုင်ကြသည်ကို ငါတို့သိကြ၏။ အသိဉာဏ်သည်
ဝါကြွားစေတတ်ပြီး၊ချစ်ခြင်းမေတ္တာမှာမူ ကြံ့ခိုင်စေ
၂။ သည်။အကြင်သူသည် မိမိကိုယ်ကိုပညာရှိသည်ဟု
ထင်အံ့။ ထိုသူသည်ပညာရှိသင့်သလောက်မရှိသေး
၃။ ပေ။သို့ရာတွင်အကြင်သူသည်ဘုရားသခင်ကိုချစ်အံ့။
ထိုသူကို ဘုရားသခင်သိတော်မူပေသည်။
၄။ သို့ဖြစ်၍၊ ရုပ်တုများထံပူဇော်ပသထားသော အစား
အစာများကိုစားခြင်းနှင့်ပတ်သက်၍ဆိုရသော် ရုပ်တု
တစ်ခု၌အသက်ရှင်ရပ်တည်နိုင်ခြင်း မရှိကြောင်းကို
လည်းကောင်း၊တစ်ဆူတည်းသောဘုရားသခင်မှတစ်
ပါး၊ အခြားဘုရားမရှိသည်ကိုလည်းကောင်း၊ ငါတို့
၅။ သိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နှင့်မြေ
ကြီးပေါ်၌ အမည်ခံဘုရားများရှိကောင်းရှိမည်ဖြစ်ပြီး
များစွာသော ဘုရားများ၊ များစွာသော အရှင်သခင်
၆။ များရှိကြပါသော်လည်း။ ငါတို့အတွက်မှာမူအဘ
ဘုရားသခင်တစ်ဆူတည်းသာရှိပြီး၊ ထိုအဘခမည်း
တော်ထံမှခပ်သိမ်း သောအရာတို့သည်ဆင်းသက်ခဲ့
ကြ၍၊ကိုယ်တော်အတွက်သာလျှင် ငါတို့အသက်ရှင်
နေကြသည်။**ယေရှူး**ခရစ်တော်တည်းဟူသော အရှင်
သခင်တစ်ပါးတည်းသာရှိပြီး ခပ်သိမ်းသောအရာတို့
သည် ကိုယ်တော်အားဖြင့်တည်ရှိလျက် ကိုယ်တော်
အားဖြင့်သာလျှင်ငါတို့အသက်ရှင်လျက် ရှိကြသည်။
၇။ သို့သော်ဤအသိတရားကိုလူတိုင်းပိုင်ဆိုင်ကြသည်မ
ဟုတ်။အချို့သောသူတို့သည ယခင်ကရုပ်တုကိုးကွယ်
သည့်ဓလေ့ရှိခဲ့၍၊ ရုပ်တုများထံပူဇော်ပသထားသော
အစားအစာကိုစားရာတွင်၊ အမှန်တကယ်ပူဇော်ထား
သည့်အစာဟုခံယူ၍၊စားသုံးကြ၏။သူတို့၏ဆင်ခြင်
တုံတရားသည်လည်းအားနည်းသောကြောင့်ညစ်ညူး
၈။ သောအဖြစ်သို့ရောက်၏။အစားအစာသည်ငါတို့အား
ဘုရားသခင်ထံတော်သို့ဆောင်ကျဉ်းလိမ့်မည်မဟုတ်။
မစားလျှင်ငါတို့၌အကျိုးဆုတ်ယုတ်မှုမရှိ။ စားလျှင်
လည်းငါတို့၌ ပို၍အကျိုးဖြစ်ထွန်းသည်မဟုတ်ပေ။
၉။ သင်တို့၏လွတ်လပ်စွာ စားသောက်မှုသည်ကိုအား
နည်းသူတို့အတွက်လွဲမှားခြင်းမဖြစ်စေရန်ဂရုစိုက်ကြ
၁၀။ လော့။အကြောင်းမူကား၊ အသိပညာရှိသောသင်တို့
သည် ရုပ်တုကိုးကွယ်ရာကျောင်းဆောင်တွင် စား
သောက်နေကြသည်ကိုဆင်ခြေတုံတရားအားနည်းသူ
တစ်ဦးကမြင်ပါလျှင် ရုပ်တုအားပူဇော်ပသထားသော
အစားအစာကိုစားရန်အားတက်လာမည်မဟုတ်လော။
၁၁။ ဤသို့ဖြင့် ယုံကြည်ခြင်းအားနည်းသူဖြစ်သော်လည်း
ခရစ်တော် အသက်ပေးကယ်တင်ခဲ့သည့် သင်တို့၏
ညီအစ်ကိုသည် သင်တို့၏ အသိဉာဏ်ကြောင့်
၁၂။ ပျက်စီးရလေ၏။ သို့ဖြစ်၍၊ သင်တို့၏ ညီအစ်ကို
ကိုပြစ်မှား၍ သူတို့၏ ဆင်ခြေတုံတရားအားနည်း
ချိန်တွင်ထိခိုက်ခြင်းဖြင့် သင်တို့သည်ခရစ်တော်ကို
၁၃။ ပြစ်မှားကြ၏။ ထို့ကြောင့် အစားအစာသည် ငါ၏
ညီအစ်ကိုအားအပြစ်သို့ကျရောက်စေမည့်အကြောင်း
ရင်းဖြစ်လျှင်ငါသည်မည်သည့်အခါမျှ အသားမစား

တော့ပြီ။သို့မဟုတ်လျှင်ငါ့ညီအစ်ကိုအားအပြစ်သို့ကျ
စေလိမ့်မည်။

## အခန်းကြီး (၉)
## တမန်တော်၏ရပိုင်ခွင့်များနှင့်တာဝန်ဝတ္တရားများ

၁။ ငါသည် လွတ်လပ်သူ မဟုတ်ပါလော၊ တမန်တော်
တစ်ပါးမဟုတ်ပါလော၊ငါသည်ငါတို့၏အရှင်သခင်
**ယေရှူး**ကိုဖူးတွေ့ခဲ့သူမဟုတ်ပါလော။သင်တို့သည်သခင်
ဘုရား၏အမှုတော်ကို ငါထမ်းဆောင်သောကြောင့်
မှပေါ်ထွက်လာသော အကျိုးရလဒ်မဟုတ်ပါလော။
၂။ ငါသည်အခြားသူများအတွက်တမန်တော်မဖြစ်သော်
လည်းသင်တို့အတွက် တမန်တော်အမှန်ပင်ဖြစ်၏။
အကြောင်းမူကားသင်တို့သည်သခင်ဘုရား၌ငါတမန်
တော်ဖြစ်ရခြင်း၏ အမှတ်တံဆိပ်ပင် ဖြစ်ကြ၏။
၃။ လူတို့သည် ငါ့ကိုဝေဖန်ပြစ်တင်ကြသောအခါဤကဲ့
၄။ သို့ငါချေပပြောဆို၏။ ငါ၏လုပ်ဆောင်မှုအတွက်ငါ
၅။ စားသောက်ပိုင်ခွင့်မရှိပါသလော။ အခြားတမန်တော်
များကဲ့သို့လည်းကောင်း၊ သခင်ဘုရား၏ ညီတော်
များကဲ့သို့လည်းကောင်း၊ **စေဖ**ကဲ့သို့လည်းကောင်း၊
ငါသည်ခရီးထွက်ရာ၌ဇနီးတစ်ယောက်ကိုခေါ်ဆောင်
၆။ သွားပိုင်ခွင့်မရှိပါသလော။ သို့မဟုတ် **ဘာနဘာ**နှင့်
ငါတို့သာလျှင်ငါတို့၏စားဝတ်နေရေးအတွက်အလုပ်
လုပ်ရပါမည်လော၊မည်သည့်စစ်သားများသည်မိမိတို့
စရိတ်ကုဖြင့်စစ်မှုထမ်းကြသနည်း။
၇။ မည်သည့်ဥယျာဉ်မှူးသည်မိမိစိုက်ပျိုးသည့် စပျစ်ဥ
ယျာဉ်မှစပျစ်သီးကိုမစားဘဲနေမည်နည်း၊ မည်သည့်
သိုးထိန်းသည်မိမိထိန်းကျောင်းရသည့် သိုးများမှနို့
ကိုမသုံးဆောင်ဘဲနေမည်နည်း။
၈။ ငါသည်ဤအရာများကိုလူတို့အမြင်နှင့် ပြောခြင်းမ
ဟုတ်ပါ။ ပညတ်ကျမ်းကလည်း ဤသို့ပင်ဆိုထား
၉။ သည် မဟုတ်လော။ **မိုးဇက်**၏ ပညတ်ကျမ်းတွင်
စပါးနယ်သည့်နွားကို ပါးချုပ်စွပ်၍ မထားရဟု
ပါရှိ၏။ ဤသို့မိန့်တော်မူရာ၌ သခင်ဘုရားသည်
နွားအတွက် စိုးရိမ်ပူပန်မှုကြောင့် မိန့်တော်မူပါ
၁၀။ သလော။ ကိုယ်တော်သည် ငါတို့အတွက်သာ ဤ
သို့ မိန့်တော်မူခဲ့သည်မဟုတ်ပါလော့၊ အမှန်စင်စစ်
ငါတို့အတွက်ရေးသားထားခြင်းဖြစ်ပေ၏။ အဘယ်
ကြောင့်ဆိုသော် လယ်ထွန်သောသူနှင့် ရိတ်သိမ်း
သောသူတို့သည်မိမိတို့၏ဝေစုဖြစ်သောကောက်ပဲသီး
နှံကိုရမည်ဟုမျှော်လင့်ချက်နှင့် လုပ်ကိုင်ဆောင်ရွက်
၁၁။ ကြရာ၏။ငါတို့သည်သင်တို့၌ဓမ္မမျိုးစေ့ကိုစိုက်ပျိုးခဲ့
ပြီး၊သင်တို့ထံမှလောကီချမ်းသာ၏အကျိုးခံစားခွင့်ကို
ငါတို့ရိတ်သိမ်းကြလျှင်ငါတို့လွန်ရာကျမည်လော။
၁၂။ အခြားသောသူတို့သည်သင်တို့ထံမှဤရပိုင်ခွင့်ရှိလျှင်
၊ငါတို့သည် ပို၍ပင်ရပိုင်ခွင့်ရှိသည် မဟုတ်လော့။
သို့သော်လည်းငါတို့သည်ဤရပိုင်ခွင့်ကိုအသုံးမပြုခဲ့
ကြဘဲ ခရစ်တော်၏ သတင်းကောင်းတရားတော်ကို
အဟန့်အတားမဖြစ်စေခြင်းငှါ၊အရာရာ၌သည်းခံခဲ့ကြ
၁၃။ ၏။ဗိမာန်တော်၌အမှုထမ်းဆောင်သူတို့သည် ဗိမာန်
တော်မှ အစားအစာ ရကြသည်ကိုလည်းကောင်း၊
ပလ္လင်တော်ပေါ်တွင် ယဇ်ပူဇော်သော သူများသည်
လည်း ယဇ်ပူဇော်ခြင်းမှဝေစုကိုရကြသည်ကိုလည်း
၁၄။ ကောင်း၊ သင်တို့မသိကြသလော။ ထိုနည်းတူစွာပင်
ဧဝံဂေလိသတင်းကောင်းကို ဟောပြောကြေညာကြ
သော သူတို့သည်သတင်းကောင်းအားဖြင့် အသက်
မွေးကြရမည်ဟု သခင်ဘုရားမိန့်မှာတော်မူခဲ့သည်။
၁၅။ သို့ရာတွင် ငါသည်ထိုအခွင့်အရေးများကိုမယူခဲ့ချေ၊
ယခုထိုအရာများကိုတောင်းဆိုရန်အတွက် ဤစာကို
ရေးရခြင်းလည်းမဟုတ်ပေ။ငါ၏ဝါကြွားဂုဏ်ယူခြင်း
ကိုတစ်စုံတစ်ယောက်ရုပ်သိမ်းသည်ထက်သေရခြင်း
၁၆။ ကို ငါပို၍လိုလား၏။ ဧဝံဂေလိသတင်းကောင်းကို
ကြေညာရသည့်အတွက်ငါ့၌ဝါကြွားစရာအကြောင်းမ
ရှိ။အဘယ်ကြောင့်ဆိုသော် ဟောပြောမည့်ဝတ္တရား
ငါ၌ရှိ၏။အကယ်၍ငါသည်ဧဝံဂေလိသတင်းကောင်း
ကို မဟောပြောခဲ့ပါလျှင် ငါ့၌အမင်္ဂလာရှိ၏။
၁၇။ အကယ်၍ ငါ့ဆန္ဒသက်သက်ဖြင့် ဟောပြောခဲ့ပါမူ
ဆုလာဘ်ကိုငါမျှော်လင့်နိုင်၏။ သို့ရာတွင် ဤအမှု
တော်ကိုသခင်ဘုရားသည်ငါ့အားအပ်နှင်းထားတော်မူ
သောကြောင့် တာဝန်အဖြစ်နှင့်ငါလုပ်ဆောင်ရ၏။
၁၈။ သို့ဖြစ်၍ဆုလာဘ်ကိုရပါမည်နည်း။ငါသည်ဧဝံဂေလိ
သတင်းကောင်းကိုဟောပြောကြေညာရာတွင်ငါခံစား
ရသည့်အကျိုးကားသတင်းကောင်းကိုအခကြေးငွေမ
ယူဘဲဟောပြောခွင့်နှင့်အမှုတော်မြတ်အတွက်ရပိုင်ခွင့်
တို့ကို မတောင်းဆိုဘဲ နေနိုင်ခွင့်တို့ပင်ဖြစ်၏။
၁၉။ ထို့ကြောင့် ငါသည်မည်သူ့ကျွန်မျှမဟုတ်ဘဲ လွတ်
လပ်သူဖြစ်လျှက် ခရစ်တော်ကို ယုံကြည်သူဦးရေ
များနိုင်သမျှတိုးပွားများပြားလာစေရန် မိမိကိုယ်ကို
၂၀။ လူအားလုံး၏ကျွန်ဖြစ်စေ၏။**ဂျူး**လူမျိုးတို့ကို ကယ်

ရန် ငါသည်မိမိကိုယ်ကို **ဂျူး**လူမျိုးတစ်ဦးကဲ့သို့
ဖြစ်လာစေ၏။ အကြောင်းမူကား ငါသည်ပညတ်
တရား၏လက်အောက်ခံမဟုတ်သော်လည်း ပညတ်
တရားကို လိုက်နာကျင့်သုံးသူကဲ့သို့ ငါနေထိုင်၏။
၂၁။ ငါသည် ပညတ်တရား၏ ပြင်ပတွင် နေထိုင်သူ
မဟုတ်သော်လည်းပညတ်တရား၏ပြင်ပတွင် ရှိကြ
သောလူမျိုးခြားတို့ကိုကယ်တင်ရန်ထိုသူတို့နှင့်အတူ
လူမျိုးခြားတစ်ဦး ကဲ့သို့ ငါဖြစ်လာ၏။
၂၂။ လိုက်နာ ကျင့်ဆောက်သောသူဖြစ်သည်။ ငါသည်
အားနည်းသောသူတို့ကိုကယ်တင်ရန်အားနည်းသူတို့
အလယ်တွင်အားနည်းသူတစ်ဦးဖြစ်လာခဲ့၏။ဖြစ်နိုင်
သောမည်သည့်နည်းများနှင့်မဆိုအချို့သောသူတို့ကို
ကယ်ရန် ငါသည် အားလုံးသောသူတို့ အတွက်
၂၃။ အားလုံးသောအရာဖြစ်လာ၏။ သတင်းကောင်း၏
ကောင်း ချီးမင်္ဂလာများကို မျှဝေနိုင်ရန် ငါသည်
သတင်းကောင်းအကျိုးအတွက် ဤအမှုခပ်သိမ်းကိုပြု
၂၄။ ခြင်းဖြစ်၏။အပြေးပြိုင်ပွဲတစ်ခုတွင်လူအများအပြား
ဝင်ရောက်ယှဉ်ပြိုင်ကြသော်လည်းတစ်ယောက်တည်း
သာလျှင်ဆုကိုရရှိကြောင်းသင် တို့မသိကြသလော။
ထို့ကြောင့်သင်သည်အောင်ပွဲဆုကိုဆွတ်ခူးနိုင်ရန်ပြေး
၂၅။ ကြလော့။အားကစားသမားတိုင်းသည် ပြိုင်ပွဲဝင်ရန်
လေ့ကျင့်နေစဉ်တင်းကြပ်စွာ စိတ်ကိုချုပ်တည်းရ၏။
ဤသို့ပြုရခြင်းကား မတည်မြဲသော ပန်းဦးရစ်နှင့်
သရဖူအဆောင်းခံရန်ဖြစ်၏။ ငါတို့မူကားထာဝရ
တည်သောဖောင်းသရဖူအတွက် လုပ်ဆောင်ကြ၏။
၂၆။ ထို့ကြောင့်ငါသည် ပန်းတိုင်သို့ပြေးခြင်းမဟုတ်။ ငါ
သည်ရည်မှန်းချက်မရှိဘဲလေထဲတွင်လက်သီးထိုးနေ
၂၇။ သောလက်ဝှေ့သမားတစ်ဦးမဟုတ်။ ငါသည်သူတစ်
ပါးတို့အားဟောပြောပြီးမှမိမိကိုယ်တိုင် အပယ်မခံရ
စေရန် ငါ၏ခန္ဓာကိုယ်ထုချေ၍ထိန်းချုပ်၏

## အခန်းကြီး (၁၀)

## ရုပ်တုကိုးကွယ်ခြင်းမပြုရန် သတိပေးခြင်း

၁။ ညီအစ်ကိုတို့ **မိုးဇက်**ဦးဆောင်သော ငါတို့၏ဘိုး
ဘေးများ သည် မိုးတိမ်၏အောက်တွင် ရှိခဲ့ကြ၍
ပင်လယ်ကို ဘေးမဲ့လုံခြုံစွာ ဖြတ်သန်းခဲ့ကြ၏။
၂။ သူတို့သည် မိုးတိမ်နှင့်ပင်လယ်ထဲ၌ **မိုးဇက်**၏
တပည့်များအဖြစ်ဆေးကြောခြင်းမင်္ဂလာခံယူခဲ့ကြ၏။
၃။ သူတို့အားလုံးသည်ဝိညာဉ်နှင့်ဆိုင်သောအစာမန္နာမုံ့
၄။ တစ်မျိုးတည်းကိုသာစားကြ၏။ သူတို့အားလုံးသည်
ဝိညာဉ် အသက်အတွက် ရေတစ်မျိုးတည်းကိုသာ
သောက်ကြ၏။ သူတို့ အားလုံးပင် မိမိတို့နှင့်အတူ
လိုက်ပါသောဝိညာဉ်ရေးဆိုင်ရာကျောက်ဆောင်မှရေ
ကိုသောက်သုံးကြ၏။ထိုကျောက်ဆောင်သည်ကား
၅။ ခရစ်တော်ပင်ဖြစ်သတည်း။သို့ဖြစ်စေကာမူ၊ များစွာ
သောထိုသူတို့ကိုဘုရားသခင်သည်နှစ်သက်တော်မမူ
ချေ။ထို့ကြောင့်သူတို့သည်တောကန္တာရတွင်အသက်
၆။ ဆုံးရှုံးကျန်ခဲ့ကြ၏။ ထိုသူတို့ကဲ့သို့ ငါတို့သည်မ
ကောင်းမှုကိုစွဲလမ်းသူများဖြစ်မလာကြရန် ငါတို့အ
တွက်သတိပေးချက်သဖွယ် ဤအရာများသည်ဖြစ်
၇။ ပျက်ခဲ့ကြ၏။အချို့သောထိုသူတို့သည် ရုပ်တုတို့ကို
ကိုးကွယ်ခဲ့ကြသကဲ့သို့သင်တို့သည်ကိုးကွယ်ခြင်းကို
မပြုနှင့်၊သမ္မာကျမ်းစာတော်တွင်လူတို့သည်ထိုင်၍စား
သောက်ကြရ၏။နောက်မှအပျော်ကြူးကာကခုန်ကြ
၈။ ၏ဟု ပါရှိ၏။ငါတို့သည်ထိုသူအချို့တို့ကဲ့သို့ကာမ
ဂုဏ်လိုက်စားခြင်းမပြုသင့်၊ထိုသူတို့အထဲမှတစ်ရက
၉။ အတွင်းလူနှစ်သောင်းသုံးထောင်မျှသေကြေခဲ့၏။ငါ
တို့သည်ထိုသူအချို့တို့ကဲ့သို့ထာဝရဘုရားအားစုံစမ်း
ခြင်းမပြုသင့်။သူတို့သည်မြွေကိုက်ခံရ၍သေခဲ့ကြလေ
၁၀။ ပြီ။ သင်တို့သည်ထိုသူအချို့တို့ကဲ့သို့ပြစ်တင်ညည်း
တွားခြင်းမပြုသင့်။သူတို့သည်ဖျက်ဆီးသော တမန်
တော်၏လက်ချက်ဖြင့် ဖျက်ဆီးခြင်းခံခဲ့ကြရသည်။
၁၁။ ထိုသူတို့၌ဤသို့ဖြစ်ပျက်ရခြင်းမှာ အခြားသူတို့ကို
သတိပေးခြင်းဖြစ်၏။ ငါတို့သည်ကပ်ကမ္ဘာကုန်ဆုံး
ခါနီးအချိန်၌ အသက်ရှင်နေကြရသူများ ဖြစ်သော
ကြောင့် ငါတို့အား သတိပေးရန်ထိုအကြောင်းအရာ
များကို ကျမ်းစာတွင် ရေးသားထားလျှက်ရှိ၏။
၁၂။ ထို့ကြောင့်မိမိသည် ခိုင်မြဲစွာ ရပ်တည်နေသည်ဟု
ထင်မှတ်သောသူသည်မယိုင်မလဲစေရန်သတိပြုရ၏။
၁၃။ လူသားတိုင်းမခံနိုင်သောစုံစမ်းနှောင့်ယှက်ခြင်းကို
သင့်အားမပေးချေ။ဘုရားသခင်သည် သစ္စာရှိတော်မူ
သောအရှင်ဖြစ်တော်မူသဖြင့်သင်တို့အားမိမိတို့ခံနိုင်
ရည်ထက်ပို၍စုံစမ်းနှောင့်ယှက်ခြင်းကို ခံစေတော်မူ
လိမ့်မည်မဟုတ်။ စုံစမ်းနှောင့်ယှက်ခြင်းခံရသောအ
ချိန်၌ခံနိုင်သောခွန်အားကိုပေးတော်မူသဖြင့်ထိုစုံစမ်း
နှောင့်ယှက်ခြင်းမှ လွတ်မြောက်ရန်လမ်းကိုလည်း
၁၄။ ဖွင့်ပေးတော်မူလိမ့်မည်။ထို့ကြောင့်ငါ့ချစ်သားသမီး
တို့၊ ရုပ်တုကိုးကွယ်မှုကို ရှောင်ကြဉ်ကြလော့။

၁၅။ သင်တို့အားအသိညဏ်ရှိသူများကဲ့သို့သတ်မှတ်၍ငါ
ဟောပြောပါ၏။ငါ့စကားကိုချင့်ချိန်သုံးသပ်ကြလော့။
၁၆။ ငါတို့သည်ကျေးဇူးတော်ကိုချီးမွမ်း၍မင်္ဂလာခွက်ဖလာ
းတော်၌သောက်ခြင်းသည်သခင်ခရစ်တော်၏သွေး၌
ပါဝင်ခြင်းမဟုတ်လော။ငါတို့သည်မုန့်ကိုဖဲ့၍စားသေ
ာအခါ၌လည်းခရစ်တော်၏ ကိုယ်ခန္ဓာတော်ကိုပါဝင်
၁၇။ ကြသည်မဟုတ်ပါလော၊ မုန့်သည်တစ်လုံးတည်းဖြစ်
သောကြောင့် အရေအတွက်အားဖြင့်များသောငါတို့
သည်တစ်ကိုယ်တည်းဖြစ်ကြလျှက် ထိုမုန့်တစ်လုံး
တည်းကိုခွဲဝေသုံးဆောင်ကြ၏။
၁၈။ **အစ္စရေး**လူမျိုးတို့ကို ကြည့်ရှု ဆင်ခြင်ကြလော့၊
သူတို့သည် ယဇ်ကောင်၏အသားကို စားခြင်းဖြင့်
ယဇ်ပလ္လင်ပေါ်ပူဇော်ခြင်းတွင် ပါဝင်ကြသည်မဟုတ်
၁၉။ လော။သို့ဖြစ်လျှင်ငါမည်သည့်အရာကိုဆိုလိုသနည်း
။သို့ဖြစ်၍ ရုပ်တုသို့မဟုတ်ရုပ်တုအားပူဇော် သော
အစားအစာ သည်အရေးကြီးသည်ဟု ငါဆိုလိုပါ
၂၀။ သလော၊ မဟုတ်၊ငါဆိုလိုသည်မှာ လူမျိုးခြားတို့
ပူဇော်သောယဇ်သည်နတ်မိစ္ဆာများအား ပူဇော်သော
ယဇ်သာလျှင်ဖြစ်၍ ဘုရားသခင်အား ပူဇော်ခြင်း
မဟုတ်။ ငါသည် သင်တို့ကို နတ်မိစ္ဆာများနှင့်မိတ်
၂၁။ သဟာရမဖွဲ့စေလို။သင်တို့သည် တစ်ချိန်တည်းတွင်
သခင်ဘုရား၏ ခွက်တော် နှင့် နတ်မိစ္ဆာတို့၏ခွက်
နှစ်ခုစလုံးကို မသောက်နိုင်၊ သခင်ဘုရား၏ စားပွဲ
တော်နှင်နတ်မိစ္ဆာများ၏စားပွဲနှစ်ခုစလုံး၌မပါဝင်နိုင်။
၂၂။ သခင်ဘုရားအားအမျက်ထွက်စေခြင်းမှာသဝန်တိုစေ
ခြင်းငှာငါတို့ပြုကြမည်လော။ငါတို့သည်သခင်ဘုရား
ထက်ပို၍ ခွန်အားတန်ခိုးကြီးကြပါသလော။

## ဘုရားသခင်၏ ဘုန်းဂုဏ်တော်အတွက် ခပ်သိမ်းသောအရာတို့ကို ပြုကြလော့။

၂၃။ အမှုခပ်သိမ်းဟူသမျှကို ငါတို့လုပ်ပိုင်ခွင့်ရှိ၏။
သို့သော်လည်းအရာခပ်သိမ်းတိုင်းသည်အကျိုးပြုနိုင်
သည်မဟုတ်။ ငါတို့သည် မည်သည့်အရာကိုမဆို
လုပ်ပိုင်ခွင့်ရှိ၏ဟုဆိုသော်လည်းအရာခပ်သိမ်းဟူသ
၂၄။ မျှသည်ကောင်းကျိုးမပြုချေ။သင်တို့တွင်မည်သူမျှကို
ယ်ကျိုးကိုမရှာစေနှင့်။ သူတစ်ပါး၏အကျိုးကိုသာ
၂၅။ လျှင်ရှာပါစေ။ သင်တို့သည်သြတ္တပစိတ်၏စစ်ဆေး
မေးမြန်းခြင်းကိုမခံဘဲဈေးတွင်ရောင်းသောအသားကို
၂၆။ လွတ်လပ်စွာစားကြလော့။ အဘယ်ကြောင့်ဆိုသော်
ကမ္ဘာနှင့်ကမ္ဘာပေါ်၌ရှိသမျှတို့သည်ထာဝရဘုရားနှင့်
၂၇။ သက်ဆိုင်တော်မူ၏။ အကယ်၍မယုံကြည်သောသူ
တစ်ယောက်က သင့်ကိုညစာစားရန်ဖိတ်ခေါ်သောအ
ခါသွားလော့၊မိမိ၏သြတ္တပစိတ်၌အနှောင့်အယှက်မရှိ
စေဘဲ တည်ခင်းကျွေးမွေးသမျှကို စားသုံးပါလော့။
၂၈။ သို့ရာတွင် တစ်စုံတစ်ယောက်က ဤအရာသည်
ရုပ်တုအား ပူဇော်သောယဇ်ကောင်၏ အသားဖြစ်
သည်ဟုဆိုလျှင်၊ ယင်းသို့ပြောဆိုသူ၏ သတိပေး
နှိုးဆော်မှုကြောင့်လည်းကောင်း၊ သူ၏ သြတ္တ
ပစိတ်ကိုလည်းကောင်း၊ စာနာ ထောက်ထားသော
၂၉။ အားဖြင့် ထိုအသားကို မစားနှင့်။ သြတ္တပစိတ်
ဆိုရာ၌ သင်တို့၏သြတ္တပစိတ်ကိုမဆိုလို၊ ပြောဆို
သူ၏သြတ္တပစိတ်ကိုဆိုလို၏။အကြောင်းမူကားငါ၏
လွတ်လပ်မှုကို အဘယ်ကြောင့် သူတစ်ပါး၏သြတ္တ
၃၀။ ပစိတ်ကချုပ်ချယ်ရပါသနည်း။ အကယ်၍ ငါသည်
မိမိစားသောက်သည့် အစားအစာအတွက် ဘုရား
သခင်၏ကျေးဇူးတော်ကိုချီးမွမ်းလျှင် ထိုသို့ကျေးဇူး
တင်ချီးမွမ်းသည့်အတွက် သူတစ်ပါးကငါ့အားအ
ဘယ်ကြောင့်ဝေဖန်ရပါမည်နည်းဟု မေးလိုပေလိမ့်
၃၁။ မည်။ ထို့ကြောင့် သင်တို့သည် စားသည်ဖြစ်စေ၊
သောက်သည်ဖြစ်စေ၊မည်သည့်အမှုကိုပြုလုပ်ကြသည်
ဖြစ်စေ၊ဘုရားသခင်၏ ဘုန်းဂုဏ်တော်အတွက်ပြုကြ
၃၂။ လော့။ **ဂျူး**လူမျိုးတို့အားလည်းကောင်း၊ **ဂရိ**
လူမျိုးတို့အားလည်းကောင်း၊ ဘုရားသခင်၏အသင်း
တော်ကိုလည်းကောင်း၊ စော်ကားစရာ အကြောင်း
၃၃။ မဖြစ်ပေါ်စေကြနှင့်။ ငါသည် လူတိုင်းအား အရာ
ရာတိုင်း၌နှစ်သက် ကျေနပ်စေသကဲ့သို့ ငါသည်
ကိုယ်ကျိုးကိုမရှာဘဲ၊လူအများကယ်တင်ခြင်းခံစားစေ
ရန် အများအကျိုးကိုသာရှာ၏။

## အခန်း (၁၁)

၁။ သို့ဖြစ်၍ငါသည် ခရစ်တော်ကို စံနမူနာယူသကဲ့သို့
သင်တို့သည် ငါ့ကိုစံနမူနာယူကြလော့။

## ဝတ်ပြုရာ၌ ဦးခေါင်းကိုဖုံးအုပ်ခြင်း။

၂။ သင်တို့သည် ငါ့ကို အစဉ်အောက်မေ့ သတိရ၍
ငါပေးခဲ့သော သွန်သင်ချက်များကို လိုက်နာကျင့်
ဆောက်တည်သောကြောင့် သင်တို့ကို ချီးကျူး၏။

၃။ သို့သော်လည်း ယောကျ်ားတိုင်း၏ ဦးခေါင်းကား၊
ခရစ်တော် ဖြစ်သည်ကိုလည်းကောင်း၊ ဇနီး၏
ဦးခေါင်းကား လင်ယောကျ်ား ဖြစ်သည်ကိုလည်း
ကောင်း၊ ခရစ်တော်၏ ဦးခေါင်းကား ဘုရားသခင်
ဖြစ်သည်ကိုလည်းကောင်း၊ သင်တို့အားငါသိစေလို
၄။ သည်။ သို့ဖြစ်၍ ယောကျ်ားကောင်းတစ်ယောက်
သည် စုဝေးဝတ်ပြုခြင်း၌ ဦးခေါင်းကို ဖုံးအုပ်၍
ဆုတောင်းပတ္ထနာပြုလျှင် သို့မဟုတ် ပရောဖက်
ဟောဉာဏ်နှင့်ပြုလျှင် သူသည် မိမိ၏ဦးခေါင်း၏
အသရေကိုရှုပ်ချသူဖြစ်၏
၅။ သို့ရာတွင်အမျိုးသမီးတစ်ဦးသည်ဦးခေါင်းကို မဖုံး
အုပ်ဘဲဆုတောင်းခြင်း သို့မဟုတ် ပရောဖက်ဟော
ဉာဏ်နှင့်ပြုလျှင်သူမသည်မိမိ၏ဦးခေါင်းကိုရှုတ်ချသူ
ဖြစ်၏။သူမသည်ခေါင်းတုံးရိတ်ထားသကဲ့သို့ဖြစ်၏။
၆။ အကယ်၍မိန်းမတစ်ယောက်သည်မိမိ၏ ဦးခေါင်းကို
မဖုံးအုပ်ဘဲထားမည်အစားဆံပင်ကို ဖြတ်ထားလျှင်
သာ၍ကောင်း၏။ အကယ်၍ ဆံပင်ဖြတ်ခြင်း၊
ခေါင်းတုံးရိတ်ခြင်းတို့သည်အမျိုးသမီးများအတွက်
ရှက်ဖွယ်ရာဖြစ်လျှင်မိမိတို့၏ဦးခေါင်းကိုဖုံးအုပ်ကြ
၇။ စေ။ အမျိုးသားများသည် မိမိတို့၏ဦး ခေါင်းကို
ဖုံးအုပ်ရန်မလို၊အဘယ်ကြောင့်ဆိုသော် သူတို့သည်
ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်ဘုန်းဂုဏ်တော်ဖြစ်
သောကြောင့်တည်း။ အမျိုးသမီးတစ်ဦးကား ယော
၈။ ကျ်ား၏ဘုန်းကျက်သရေဖြစ်၏။ယောကျ်ားသည်မိန်း
မမှသဏ္ဌာန်ယူ၍၊ဖန်ဆင်းထားခြင်းမဟုတ်၊မိန်းမသာ
၉။ လျှင်ယောကျ်ားမှ သဏ္ဌာန်ယူ၍ ဖန်ဆင်းထား၏။
ယောကျ်ားသည်မိန်းမအတွက်ဖန်ဆင်းခံရခြင်းမဟုတ်
၊မိန်းမသည်သာလျှင်ယောကျ်ားအတွက် ဖန်ဆင်းခံရ
၁၀။ ခြင်းဖြစ်၏။သို့ဖြစ်သော ကြောင့်ကောင်းကင်တမန်
တော်များကိုလေးစားသောအားဖြင့်မိန်းမတစ်ယောက်
၁၁။ သည်မိမိ၏ဦးခေါင်းကိုဖုံးအုပ်သင့်၏။ မည်သို့ပင်
ဖြစ်စေကာမူသခင်ဘုရား၌ မိန်းမသည် ယောကျ်ား
ကိုမှီခိုရသကဲ့သို့ ယောကျ်ားသည်လည်း မိန်းမကို
၁၂။ မှီခိုရ၏။အကြောင်းမူကားမိန်းမသည်ယောကျ်ားမှဖန်
ဆင်းခြင်းခံရသော်လည်းယောကျ်ားသည်မိန်းမမှမွေး
ဖွားသူဖြစ်၏။အရာခပ်သိမ်းတို့သည်ဘုရားသခင်ထံ
၁၃။ မှဖြစ်၏။မိန်းမတစ်ဦးသည်ဦးခေါင်းကို မဖုံးအုပ်ဘဲ၊
စုဝေးဝတ်ပြုခြင်း၌ဘုရားသခင်အားဆုတောင်းပတ္ထနာ
ပြုရန်သင့်တော်သည်၊မသင့်တော်သည်ကို သင်တို့
၁၄။ ကိုယ်တိုင် စဉ်းစားဆင်ခြင်ကြည့်ကြလော့။ ဆံပင်
ရှည်ထားခြင်းသည် ယောကျ်ားတစ်ဦးအတွက် ရှက်
၁၅။ ဖွယ်ဖြစ်၏။ အမျိုးသမီးတစ်ဦးအတွက်မှာမူ လှပ
တင့်တယ်ဖွယ်ဖြစ်ကြောင်း သဘာဝကသွန်သင်ပေး
သည်မဟုတ်ပါလော။ ဆံပင်ရှည်ကိုအမျိုးသမီးအား
၁၆။ ခြုံထည်အဖြစ် ပေးထားခြင်းဖြစ်၏။ ဤကိစ္စ
နှင့်ပတ်သက်၍ တစ်စုံတစ်ယောက်သော သူသည်
ငြင်းခုံလိုပါလျှင် ထိုသူအား၊ ငါတို့၌လည်းကောင်း၊
ဘုရားသခင်၏ အသင်းတော်များ၌လည်းကောင်း၊
ထိုထုံးစံမှလွဲ၍၊အခြားမည်သည့်ထုံးစံမျှ မရှိကြောင်း
ကို ငါပြောကြားလိုပါသည်။

## သခင်ဘုရား၏ ညစာပွဲတော်မင်္ဂလာ

၁၇။ သို့ရာတွင်အောက်ပါ သင်ကြားချက်များ၌ ငါသည်
သင်တို့အား မချီးမွမ်း၊ သင်တို့၏ ဝတ်ပြုရာအစု
အဝေးသည် ကောင်းကျိုးထက် ဆိုးကျိုးကိုပို၍ပေး
၁၈။ နေ၏။ပထမအကြောင်းမှာသင်တို့၏ အသင်းတော်၌
စည်းဝေးကြသောအခါသင်တို့အချင်းချင်းစိတ်ဝမ်းကွဲ
ပြားမှုရှိကြောင်းငါကြားသိရ၏။ကြားရသည့်အတိုင်း
တစ်စိတ်တစ်ဒေသ မှန်လိမ့်မည်ဟုလည်း ငါယုံ
၁၉။ ကြည်၏။ သင်တို့တွင်စိတ်ဝမ်းကွဲပြားမှုရှိရမည်မှာ
သံသယမဖြစ်ပေ။ သို့မှသာလျှင် အမှန်ဘက်တွင်
ရပ်တည်သောသူများကို ပေါ်လွင်ထင်ရှားစွာ မြင်
၂၀။ တွေ့နိုင်ပေမည်။ သင်တို့သည် အတူစည်းဝေးကြ
သောအခါသခင်ဘုရား၏ ညစာပွဲကို သင်တို့
၂၁။ စားကြသည်မဟုတ်တော့ချေ။ အကြောင်းမူကား၊
သင်တို့တစ်ဦးစီသည်မိမိ၏အစာကိုယူ၍ စားကြသ
ဖြင့်တစ်ယောက်သည်ဆာငတ်လျက်၊ အခြားတစ်
ယောက်သည် သောက်ကျူးလျက်ရှိသောကြောင့်
၂၂။ တည်း။ အဘယ်ကြောင့်နည်း၊ သင်တို့တွင် စား
ကြသောက်ကြရန်အိမ်များမရှိကြပါသလော၊သို့တည်း
မဟုတ် ဘုရားသခင်၏ အသင်းတော်ကို စက်ဆုပ်
ဖွယ်ကောင်းအောင်ပြု၍ မရှိဆင်းရဲသားတို့အား
အရှက်ရစေလိုသလော၊ သင်တို့အား ငါမည်သို့
ပြောရမည်နည်း။ သင်တို့ကို ချီးကျူးရမည်လော၊
၂၃။ ဤကိစ္စအတွက် ငါချီးကျူးလိမ့်မည်မဟုတ်။သင်တို့
အား ငါပေးမည့်သွန်သင်ချက်ကို သခင်ဘုရားထံ
တော်မှ ငါရရှိခဲ့၏။ ရန်သူ့လက်သို့ အပ်နှံခြင်းခံရ
၂၄။ မည့်ညဥ့်၌သခင်**ယေရှု**သည် မုန့်ကိုယူ၍၊ ကျေးဇူး

တင်တော်မူပြီးနောက်၊ ဤအရာသည် သင်တို့အဖို့
ပေးသော ငါ၏ခန္ဓာကိုယ်ဖြစ်၏။ ငါ့ကို အောက်
၂၅။ မေ့သတိရကြရန် ဤအမှုကိုပြုကြလော့။ထိုနည်းတူ
ညစာစားပြီးနောက် ခွက်တော်ကိုလည်းယူတော်မူ၍
မိန့်တော်မူသည်ကား၊ ဤခွက်သည်သင်တို့အတွက်
သွန်းလောင်းခံရမည့်ငါ၏အသွေးတော်၌ပဋိညာဉ်အ
သစ်ဖြစ်၏။ ဤခွက်ကို သောက်သည့်အခါတိုင်း
ငါ့ကိုအောက်မေ့သတိရခြင်းငှါဤအမှုကိုပြုကြလော့
၂၆။ ဟုမိန့်တော်မူ၏။ သင်တို့သည် ဤမုန့်ကိုစား၍၊
ဤခွက်မှ သောက်သည့်အခါတိုင်း သခင်ဘုရား
သည် အသေခံတော်မူကြောင်းကို ကိုယ်တော်ကြွ
လာတော်မူမည့်အချိန်တိုင်အောင် ကြေငြာကြလော့။
၂၇။ သို့ဖြစ်၍၊ မထိုက်တန်ဘဲ သခင်ဘုရား၏ မုန့်ကို
စား၍၊ ကိုယ်တော်၏ခွက်တော်မှ သောက်သော
သူသည်သခင်ဘုရား၏ ကိုယ်ခန္ဓာတော်နှင့်အသွေး
၂၈။ တော်ကိုပြစ်မှားရာရောက်၏။ ထို့ကြောင့်လူတိုင်း
သည် မိမိကိုယ်ကိုစစ်ဆေးပြီးမှ မုန့်တော်ကိုစား၍
၂၉။ ခွက်တော်မှ သောက်စေရာ၏။ သခင်ဘုရား၏
ကိုယ်ခန္ဓာအနက်အဓိပ္ပါယ်ကို မသိနားမလည်ဘဲ
မုန့်ကိုစား၍၊ ခွက်တော်မှသောက်သော သူသည်
မိမိအပေါ် အပြစ်ဒဏ်ကျရောက်စေခြင်း
၃၀။ ငှာ စားသောက်သကဲ့သို့ ဖြစ်၏။ ထိုအကြောင်း
ကြောင့် သင်တို့အထဲတွင် ဖျားနာသောသူနှင့် အင်
အားချည့်နဲ့သူ အမြောက်အများရှိ၏။ အချို့လည်း
၃၁။ သေကြ၏။ ငါတို့သည် မိမိတို့ကိုယ်ကို ပထမ
စစ်ဆေးစီရင်ကြပါလျှင် ဘုရားသခင် စီရင်တော်မူ
၃၂။ ခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်။ သို့ရာတွင်သခင်
ဘုရားသည် ငါတို့အားစီရင်တော်မူသောအခါငါတို့
သည်လောကသားတို့နှင့်အတူအပြစ်ဒဏ်မခံရစေရန်
၃၃။ ဆုံးမတော်မူခြင်းဖြစ်သည်။ ထို့ကြောင့်ညီအစ်ကိုတို့
သခင်ဘုရား၏ညစာစားပွဲတော်အတွက်စုဝေးကြ သော
အခါတစ်ယောက်ကိုတစ်ယောက်စောင့်ကြလော့။
၃၄။ တစ်စုံတစ်ယောက်သည် ဆာမွတ်လျှင် မိမိအိမ်တွင်
စားသောက်စေ။ဤသို့ဖြင့် သင်တို့သည် အပြစ်ဒဏ်
စီရင်ခြင်းမခံဘဲ၊စုဝေးနိုင်ပေမည်။အခြားအမှုကိစ္စရပ်
များကို ငါလာသောအခါ သွန်သင်ဆုံးမပေးမည်။

## အခန်း (၁၂)

## သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးများ

၁။ ညီအစ်ကိုတို့၊ သင်တို့သည် ဝိညာဉ်ဆုကျေးဇူး
အကြောင်းများကိုမသိစေခြင်းငှာ ငါအလိုမရှိ။
၂။ သင်တို့သည် လူမျိုးခြားများဖြစ်ခဲ့စဉ်က နည်း
လမ်းအမျိုးမျိုးနှင့် အသက်မဲ့သောရုပ်တုတို့ကို ကိုး
ကွယ်ရန် သွေးဆောင်ခြင်းခံခဲ့ရသည်ကို သင်တို့
၃။ သိကြ၏။ ထို့ကြောင့် မည်သူမဆို ဘုရား သခင်
ဝိညာဉ်တော်၏လှုံ့ဆော်မှုကိုခံရသောသူတိုင်းသည်
သခင်**ယေရှု**အားကျိန်စာသင့်ပါစေဟူ၍လည်းကောင်း။
သန့်ရှင်းသော ဝိညာဉ်တော်ဘုရားမပါလျှင်သခင်
**ယေရှု**သည် အရှင်သခင် ဖြစ်ပါသည်ဟု၍လည်း
ကောင်းမည်သူမျှ မဝန်ခံနိုင်ကြောင်း သင်တို့အား
ငါသိနားလည်စေလိုသည်။
၄။ ဆုကျေးဇူးတော် အမျိုးမျိုးရှိ၏။ သို့သော်လည်း
ထိုကျေးဇူးများကိုဝိညာဉ်တော်တစ်ပါးတည်းက ပေး
၅။ သနားတော်မူ၏။ အစေခံရန် နည်းလမ်းအမျိုးမျိုး
ရှိသော်လည်း အစေခံရသည့် သခင်တစ်ပါးတည်း
၆။ သာရှိ၏။ အမှုတော်ဆောင်ရန် တာဝန်အမျိုးမျိုးရှိ
သော်လည်းလူတိုင်း၌သီးခြားအမှုတော်များအတွက်၊
တာဝန်များကိုပေးသနားတော်မူသော သခင်သည်
၇။ တစ်ပါးတည်းသာဖြစ်၏။အများကောင်းကျိုးအတွက်
လူအသီးသီး၌ ဝိညာဉ်တော်ဘုရားတည်ရှိတော်မူ
၈။ ကြောင်းထင်ရှားစွာဖော်ပြလျက်ရှိ၏။ဝိညာဉ်တော်
သည်လူတစ်ယောက်အားဉာဏ်ပညာဖြင့် ပြောဆိုနိုင်
သောတာဝန်ကိုပေးတော်မူ၏။ အခြားတစ်ယောက်
အားအသိတရားဖြင့်ထုတ်ဖော်ပြောဆိုနိုင်သောအစွမ်း
၉။ ကိုပေးတော်မူ၏။ ဝိညာဉ်တော်သည် တစ်ယောက်
သောသူအား ယုံကြည်ခြင်း ဆုကျေးဇူးကိုလည်း
ကောင်း၊ အခြားတစ်ယောက်အား အနာရောဂါကို
ပျောက်ကင်းစေနိုင်သော တန်ခိုးကိုလည်းကောင်း၊
၁၀။ ပေးတော်မူ၏။ ဝိညာဉ်တော်သည် တစ်ယောက်
သောသူအားအံ့ဖွယ်ရာများကို ပြနိုင်သောတန်ခိုးကို
လည်းကောင်း၊တစ်ယောက်အား ပရောဖက်ဉာဏ်နိုင်
ဟောနိုင်သောအစွမ်းကိုလည်းကောင်း၊ တစ်ယောက်
သောသူအားဝိညာဉ်တော်မှရရှိသော ဆုကျေးဇူးတော်
များဟုတ်သည်မဟုတ်သည်ကိုပိုင်းခြား၍သိနိုင်သော
အစွမ်းကိုလည်းကောင်းပေးတော်မူ၏။ ကိုယ်တော်
သည် တစ်ယောက်သောသူအား ဘာသာစကား

အမျိုးမျိုးကိုပြောဆိုနိုင်သောအစွမ်းကိုလည်းကောင်း၊
အခြားတစ်ယောက်အားဘာသာစကား အမျိုးမျိုး၏
အနက်အဓိပ္ပါယ်ကိုပြန်ဆိုနိုင်သော အစွမ်းကိုလည်း
၁၁။ ကောင်းပေးတော်မူ၏။ သို့ရာတွင်ဤအစွမ်းတန်ခိုး
များကိုပေးတော်မူသောအရှင်ကား ဝိညာဉ်တော်တစ်
ပါးတည်းဖြစ်တော်မူ၏။ကိုယ်တော်သည် မိမိအလိုရှိ
တော်မူသည့်အတိုင်းလူတစ်ဦးစီအားထူးခြားသည့်ဆု
ကျေးဇူးကိုပေးတော်မူ၏။

## အစိတ်အပိုင်းများပါဝင်သည့် တစ်ခုတည်းသော ကိုယ်ခန္ဓာ

၁၂။ လူ့ခန္ဓာကိုယ်သည် တစ်ခုတည်းဖြစ်၍ ကိုယ်အင်္ဂါ
အစိတ်အပိုင်းများစွာရှိကြ၏။ ကိုယ်ခန္ဓာ၏အင်္ဂါအ
စိတ်အပိုင်းများသည်အရေအတွက်များစွာရှိကြသော်
လည်းခန္ဓာကိုယ်သည်တစ်ခုတည်းဖြစ်၏။ခရစ်တော်
၁၃။ သည်လည်း ထိုနည်းတူဖြစ်၏။ ထိုနည်းတူစွာ
ငါတို့သည် ဂျူးလူမျိုးဖြစ်စေ၊ လူမျိုးခြားဖြစ်စေ၊
ကျွန်ဖြစ်စေ၊လွတ်လပ်သူဖြစ်စေ၊ဝိညာဉ်တော်တစ်ပါး
တည်းအားဖြင့် ကိုယ်ခန္ဓာတစ်ခုတည်းထဲသို့ ဆေး
ကြောခြင်းမင်္ဂလာ ခံယူကြ၏။ ငါတို့အားလုံးလည်း
ဝိညာဉ်တော်တစ်ပါး တည်းမှသောက်သုံးကြ၏။
၁၄။ လူ၏ကိုယ်ခန္ဓာတွင် အင်္ဂါအစိတ်အပိုင်းတစ်ခုတည်း
သာရှိသည်မဟုတ်၊ များပြားလှသောအင်္ဂါအစိတ်အ
၁၅။ ပိုင်းများရှိ၏။ ခြေကငါသည် လက်မဟုတ်သော
ကြောင့်ကိုယ်ခန္ဓာနှင့်မဆိုင်ဟုဆိုရုံမျှနှင့်ကိုယ်ခန္ဓာ၏
အင်္ဂါအစိတ်အပိုင်း တစ်ခုမဖြစ်ဘဲနေသည်မဟုတ်။
၁၆။ နားကငါသည်မျက်စိမဟုတ်သော ကြောင့်ကိုယ်ခန္ဓာ
နှင့်မဆိုင်ဟုဆိုယုံမျှနှင့် ယင်းသည် ကိုယ်ခန္ဓာ၏
အင်္ဂါအစိတ်အပိုင်းပင်မဖြစ်ဘဲနေသည်မဟုတ်။
၁၇။ ကိုယ်ခန္ဓာတစ်ခုလုံးသည်မျက်စိသာဖြစ်ခဲ့ပါလျှင်မည်
ကဲ့သို့ကြားနိုင်မည်နည်း။ ကိုယ်ခန္ဓာတစ်ခုလုံးသည်
၁၈။ နားသာဖြစ်ခဲ့ပါလျှင်မည်ကဲ့သို့အနံ့ခံမည်နည်း။ သို့
ရာတွင်ဘုရားသခင်အလိုတော်ရှိတော်မူသည့်အတိုင်း
ကိုယ်ခန္ဓာတွင်အင်္ဂါအစိတ်အပိုင်းအသီးသီးကို သူ့နေ
၁၉။ ရာနှင့်သူရှိစေတော်မူ၏။အင်္ဂါအစိတ်အပိုင်းများသည်
တစ်ခုတည်းသာဖြစ်ခဲ့ပါလျှင်ကိုယ်ခန္ဓာသည်အဘယ်
၂၀။ မှာနည်း။အမှန်စင်စစ် အင်္ဂါအစိတ်အပိုင်းများစွာရှိပြီး
၂၁။ ကိုယ်ခန္ဓာတစ်ခုတည်းသာရှိ၏။ထို့ကြောင့်မျက်စိက
လက်အားသင့်ကိုအလိုမရှိဟုမဆိုနိုင်၊ ထို့အတူဦး
ခေါင်းကလည်း ခြေအားသင့်ကို ငါအလိုမရှိဟုမဆို
၂၂။ နိုင်ချေ။ အားနည်းဟန်ရှိသောအင်္ဂါတို့သည်မရှိမဖြစ်
၂၃။ အသုံးဝင်ကြ၏။အရေးမပါဟုထင်ရသောအင်္ဂါအစိတ်
အပိုင်းများကိုပို၍ပင်ငါတို့ဂရုစိုက်ကြရ၏။တင့်တယ်
ခြင်းမရှိသောကိုယ်အင်္ဂါအစိတ်အပိုင်းများကို သိက္ခာ
၂၄။ ကိုသိက္ခာရှိစွာဝတ်ဆင်ပေးရ၏။လှပတင့်တယ်ပြီးဖြစ်
သောအင်္ဂါအစိတ်အပိုင်းများကိုမူကားမွမ်းမံစရာမလို
ချေ။ဂုဏ်ငယ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို
ပို၍ဂုဏ်ကျက်သရေရှိလာစေရန် ဘုရားသခင်ကိုယ်
တော်တိုင်း ကိုယ်ခန္ဓာကို ဖွဲ့စည်းထားတော်မူ၏။
၂၅။ ၏။ သို့ဖြစ်၍ ကိုယ်အင်္ဂါအစိတ်အပိုင်းများသည်
စိတ်ဝမ်းကွဲပြားမှုမရှိဘဲ အချင်းချင်းတစ်ခုနှင့်တစ်ခု
၂၆။ အကျိုးပြုလျှက်ရှိပေသည်။ အကယ်၍ ကိုယ်အင်္ဂါ
အစိတ်အပိုင်း တစ်ခုသည် ဝေဒနာခံစားရလျှင်
အခြားသော အစိတ်အပိုင်းများသည်လည်း အတူခံ
ကြရ၏။ ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခုသည်
ချီးမွမ်းခြင်းခံရလျှင် အခြားအစိတ်အပိုင်းများလည်း
၂၇။ အတူဝမ်းမြောက်ကြ၏။ သင်တို့သည်ခရစ်တော်၏
ကိုယ်ခန္ဓာတော်ဖြစ်ကြ၏။ သင်တို့တစ်ဦးစီသည်
ထိုကိုယ်ခန္ဓာတော်၏အင်္ဂါအစိတ်အပိုင်းများဖြစ်ကြ
၂၈။ ၏။ အမိအသင်းတော်ထဲတွင် ပဌမနေရာ၌ တမန်
တော်များကိုလည်းကောင်း၊ ဒုတိယနေရာ၌ ပရော
ဖက်များကိုလည်းကောင်း၊တတိယနေရာ၌ဆရာများ
ကိုလည်းကောင်း၊ ထို့နောက် တန်ခိုးလက္ခဏာပြ
သော သူတို့ကိုလည်းကောင်း၊ အနာရောဂါများကို
ပျောက်ကင်းစေနိုင်သော တန်ခိုးရရှိသူများကိုလည်း
ကောင်း၊ သူတစ်ပါးကို ကူညီသူများ၊ ရှေ့ဆောင်
လမ်းပြနိုင်စွမ်းရှိသူများ၊ ဘာသာစကားအမျိုးမျိုးကို
ပြောနိုင်သူများ အသီးသီးတို့ကိုလည်းကောင်း ခန့်
၂၉။ ထားတော်မူ၏။ သူတို့အားလုံးသည် တမန်တော်
များဖြစ်ကြပါသလော၊ အားလုံးသည်ပရောဖက်များ
ဖြစ်ကြပါသလော အားလုံးသည် ဆရာများဖြစ်ကြ
ပါသလော၊ အားလုံးသည် တန်ခိုးလက္ခဏာပြနိုင်
၃၀။ သော သူများဖြစ်ကြပါသလော။ သူတို့အားလုံး
သည် အနာရောဂါ ပျောက်ကင်းစေကြပါသလော၊
သူတို့အားလုံးသည် ဘာသာစကားအမျိုးမျိုးကိုပြော
ဆိုနိုင်ကြပါသလော။ သူတို့အားလုံးသည် ဘာသာ
စကားအမျိုးမျိုး၏ အနက်အဓိပ္ပါယ် ပြန်ဆိုနိုင်ကြ
၃၁။ ပါသလော။ သို့ဖြစ်၍ သင်တို့သည်ပို၍ တန်ဖိုး
ရှိသည့် ဆုကျေးဇူးများကိုလိုလား စွဲလမ်းကြလော့၊

သို့ရာတွင် အမွန်မြတ်ဆုံးကို ငါဖော်ပြပေအံ့။

## အခန်းကြီး (၁၃)
## မေတ္တာ

၁။ ငါသည်လူ့ဘာသာစကားများသာမက ကောင်းကင်
တမန်ဘာသာစကားများကိုပင် ပြောနိုင်သော်လည်း
မေတ္တာမရှိလျှင် ဆူညံသော မောင်းသံကဲ့သို့လည်း
ကောင်း၊ လင်းကွင်းကဲ့သို့လည်းကောင်း ဖြစ်၏။
၂။ ငါသည်ပရောဖက်ဉာဏ်ကို၍နက်နဲသောအရာရှိသမျှ
နှင့်အတတ်ပညာရှိသမျှတို့ကိုနားလည်တတ်ကျွမ်းပြီး၊
တောင်များကိုရွှေ့နိုင်သော ယုံကြည်ခြင်းမျိုးရှိသော်
လည်းမေတ္တာမရှိလျှင် ငါသည် အချည်းအနှီးသက်
၃။ သက်ဖြစ်၏။ငါ၏ဥစ္စာရှိသမျှကို ဆင်းရဲသားတို့အား
ပေးကမ်းစွန့်ကြဲသည်သာမကငါ၏ကိုယ်ခန္ဓာကိုမီးရှို့
စေခြင်းငှာအပ်နှံပူဇော်သော်လည်းမေတ္တာမရှိလျှင်ငါ၌
၄။ အကျိုးမရှိ။ မေတ္တာသည်စိတ်ရှည်တတ်၏ ကြင်နာ
၅။ သနားတတ်၏။မနာလိုစိတ်မရှိ၊မေတ္တာသည်ကြွားဝါ
ခြင်းမရှိ၊မာန်မာနမရှိ။မေတ္တာသည်ရိုင်းပြသောအမူကို
မပြုတတ်၊ကိုယ်ကျိုးကိုမရှာတတ်၊ဒေါသမထွက်တတ်၊
၆။ မခံမရပ်နိုင်မဖြစ်တတ်။ မေတ္တာသည် မကောင်းမှု
ဒုစရိုက်၌ ဝမ်းမြောက်ခြင်းမရှိတတ်၊သို့သော်လည်း
၇။ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ မေတ္တာသည်
အရာရာကို ခံထမ်းနိုင်၏။မေတ္တာသည် အရာရာကို
မျှော်လင့်၏။ အရာရာကို သီးခံတတ်၏။
၈။ မေတ္တာသည်ထာဝစဉ်တည်၏။ပရောဖက်ဟောချက်မျ
ားသည်ပျောက်ကွယ်သွားလတ္တံ့၊ဘာသာစကားအမျိုး
မျိုးတို့ပြောနိုင်သောလျှာတို့သည်တိတ်ဆိတ်သွားလ
တ္တံ့၊အသိပညာအားလုံးတို့သည်ကွယ်ပျောက်သွားလ
၉။ တ္တံ့။ငါတို့၏အသိပညာနှင့်ဗျာဒိတ်တော်အားဖြင့်ဟော
၁၀။ ပြောနိုင်သောစွမ်းရည်တို့သည် မစုံလင်ပေ။ သို့ရာ
တွင် စုံလင်သည့်အရာ ရောက်ရှိလာသောအခါ၌မူ
ကား၊ မစုံလင်သော အရာသည် ကွယ်ပျောက်လိမ့်
၁၁။ မည်။ ငါသည် ကလေးသူငယ်ဖြစ်စဉ် အခါက၊
ကလေးသူငယ်ကဲ့သို့စကားပြော၏။ ကလေးသူငယ်
ကဲ့သို့ခံစားရ၏။ ကလေးသူငယ်ကဲ့သို့ စဉ်းစား
ဆင်ခြင်၏။ ငါသည်ကြီးပြင်းလာသောအခါမူကား
ကလေးသူငယ်၏အလေ့အထများကို ငါပယ်ရှား၏။
၁၂။ ယခုငါတို့သည်ကြည့်မှန်တွင်ပေါ်လာသည့်ပုံသဏ္ဍာန်
ကို မြင်ရသကဲ့သို့မထင်မရှားတွေ့မြင်ကြရ၏။ ထို
အခါ၌မူကား မျက်ဝါးထင်ထင် တွေ့မြင်ရလတ္တံ့၊
ယခုအခါ ငါတို့သည် စုံလင်စွာမသိမမြင်ရ၊ ထို
အခါ၌ကား ဘုရားသခင်သည် ငါတို့ကို စုံလင်စွာ
သိမြင်တော်မူသကဲ့သို့ ငါသည် စုံလင်စွာသိမြင်ရ
၁၃။ လိမ့်မည်။ ယခုအခါတွင် ယုံကြည်ခြင်း၊ မျှော်လင့်
ခြင်း၊ ချစ်ခြင်းတည်းဟူသော ပါရမီသုံးပါးတို့သည်
တည်လျက်ရှိ၏။ ဤသုံးပါးတို့တွင်ချစ်ခြင်းမေတ္တာ
သည် အမြတ်ဆုံးဖြစ်သတည်း။

## အခန်းကြီး (၁၄)
## ဝိညာဉ်တော်၏ဆုကျေးဇူးတော်များအကြောင်း ထပ်လောင်းဖော်ပြခြင်း

၁။ သင်တို့သည်မေတ္တာတရားကိုကျင့်ဆောက်တည်ရန်
ကြိုးပမ်းအားထုတ်ကြလော့၊ဝိညာဉ်တော်၏ဆုကျေး
ဇူးများကိုတောင့်တရာ၌အထူးသဖြင့်ပရောဖက်ဉာဏ်
နှင့်ဟောပြောနိုင်သောကျေးဇူးကို လိုလားကြလော့။
၂။ ဘာသာစကားအမျိုးမျိုးဖြင့် ပြောဆိုကြသော သူတို့
သည်လူပုဂ္ဂိုလ်နှင့်ပြောခြင်းမဟုတ်၊ဘုရားသခင်နှင့်
သာပြောခြင်းဖြစ်၏။အဘယ်ကြောင့်ဆိုသော် သူ၏
စကားကိုမည်သူမျှနားမလည်၊သူသည်ဝိညာဉ်တော်
၏တန်ခိုးတော်အားဖြင့်နက်နဲဘွယ်ရာများကိုပြော၏။
၃။ သို့ရာတွင်ပရောဖက်ဉာဏ်နှင့်ဟောပြောသောသူတို့
သည်ကားလူတို့အားပြောကြားခြင်းဖြစ်၍အားပေးရန်
၄။ နှစ်သိမ့်ခြင်းပင်ဖြစ်၏။ဘာသာ စကားအမျိုးမျိုးဖြင့်
ပြောဆိုကြသောသူသည်မိမိကိုယ်ကိုသာအကျိုးပြု၏။
ပရောဖက်ဉာဏ်နှင့်ဟောပြောသောသူ တို့သည်ကား
၅။ အသင်းတော်တစ်ခုလုံးကို အကျိုးပြုသည်။ ငါသည်
သင်တို့အားလုံးအား ဘာသာစကားအမျိုးကိုပြောဆို
စေသော်လည်း ပရောဖက်ဉာဏ်နှင့် ဟောပြောသော
ဆုကျေးဇူးကိုပို၍သာ လိုလား၏။ ဘာသာစကား
အမျိုးမျိုးဖြင့်ပြောဆိုသူသည် မိမိစကား၏ အနက်
အဓိပ္ပါယ်ကိုရှင်းလင်းဖော်ပြနိုင်သူရှိမှသာလျှင်အသင်း
တော်ကိုအကျိုးပြုပေမည်။သို့မဟုတ်လျှင် ပရောဖက်
၆။ ဉာဏ်နှင့်ဟောပြောခြင်းကပို၍တန်ခိုးရှိ၏။ဤသို့ဖြင့်
အသင်းတော်အတွက်ပါ အကျိုးရှိ၏။ ညီအစ်ကိုတို့၊
ငါသည်သင်တို့ထံသို့လာ၍ ဘာသာစကားအမျိုးမျိုး
ဖြင့်ပြောဆိုပါလျှင်ငါဟောပြောသောစကားများသည်

ဘုရားသခင်၏ ဗျာဒိတ်တော်၊ အသိပညာ၊နှိုးဆော်
ခြင်း၊ ဆုံးမသွန်သင်ခြင်း မဖြစ်ပါလျှင် သင်တို့၌
၇။ အဘယ်အကျိုးရှိမည်နည်း။ ပလွေသို့မဟုတ်စောင်း
ကဲ့သို့သော အသက်မဲ့ တူရိယာများ၌ပင် ယင်းတို့
ထံမှတေးသံများ ပီသစွာထွက်ပေါ်၍ မလာပါမူမည်
သူသည် ထိုတူရိယာတို့၏ တေးသွားကိုသိနိုင်မည်
၈။ နည်း။ တံပိုး၊ ခရာမှုတ်သံမပီသပါက မည်သူသည်
စစ်ပွဲဝင်ရန် မိမိကိုယ်ကို ပြင်ဆင်မည်နည်း။
၉။ ထိုနည်းတူစွာ ဘာသာစကားအမျိုးဖြင့် သင်တို့ပြော
သည့်စကားသည်အနက်အဓိပ္ပါယ်မရှင်းပါမူ ပြောဆို
သောအရာများကိုမည်သူသည်နားလည်နိုင်မည်နည်း။
၁၀။ သင်သည် စကားပြောနေရလိမ့်မည်။ ကမ္ဘာပေါ်တွင်
ဘာသာစကားအမျိုးပေါင်းများစွာရှိသော်လည်း၊မည်
သည့်ဘာသာ စကားမျှ အဓိပ္ပါယ်ကင်းမဲ့သည်မရှိ။
၁၁။ သို့ရာတွင်ငါသည်ဘာသာစကားတစ်ခုကိုနားမလည်
ပါလျှင်ငါသည်ပြောဆိုသူအတွက် တိုင်းတစ်ပါးသား
ဖြစ်၏။သူသည်လည်း ငါ့အတွက်တိုင်းတစ်ပါးသား
၁၂။ တစ်ယောက်ဖြစ်၏။သင်တို့သည်ဝိညာဉ်၏ဆုကျေးဇူး
တော်များကို လိုလားတောင့်တကြသည့် အလျောက်
အသင်းတော်ကြီးပွားတိုးတက်မှုကို အထောက်အကူ
ပြုမည့် ဆုကျေးဇူးများကိုပို၍ အသုံးပြုရန်ကြိုးစား
၁၃။ ကြလော့။ ထို့ကြောင့် ဘာသာစကားများကိုပြော
သောသူသည် မိမိပြောသည့် စကားများ၏အနက်
အဓိပ္ပါယ်ကို ဖော်ပြနိုင်သောဆုကျေးဇူးတော်ရရှိရန်
၁၄။ ဆုတောင်းကြလော့။ငါသည်ဘာသာစကားတစ်ခုဖြင့်
ဆုတောင်းပတ္တနာပြုသောအခါငါ၏စိတ်နှလုံးသည်
ဆုတောင်းပတ္တနာပြု၏။ သို့သော် ငါ၏အသိဉာဏ်
၁၅။ မူကား အကျိုးမပေးချေ။ သို့ဖြစ်၍မည်ကဲ့သို့ငါပြု
ရမည်နည်း။ ငါ၏စိတ်နှလုံးနှင့်သာမက အသိ
ဉာဏ်နှင့်လည်း ငါဆုတောင်းပတ္တနာပြုမည်။ ငါ၏
စိတ်နှလုံးနှင့်သာမက အသိဉာဏ်နှင့်လည်း ငါသီ
၁၆။ ဆိုမည်။ သို့မဟုတ် သင်တို့သည် စိတ်နှလုံးအား
ဖြင့်သာ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း၍
ဆုတောင်းပတ္တနာပြုကြပါမူ စုဝေးဝတ်ပြုခြင်း၌ သာ
မန် လူတစ်ယောက်သည် သင်တို့ ပြောဆိုသော
စကားများကို နားမလည်သဖြင့်မည်ကဲ့သို့ သင်တို့
၏ ဆုတောင်းပတ္တနာကို အာမင်ဟု ဝန်ခံနိုင်မည်
၁၇။ နည်း။ သင်သည် ဘုရားသခင်အား ကျေးဇူးတော်
ချီးမွမ်း၍သင်၏ဆုတောင်းပတ္တနာတော်သည်ကောင်း
မွန်စေကာမူ အခြားသူအတွက် အကျိုးမပြုချေ။
၁၈။ ငါသည် ဘာသာစကားအမျိုးမျိုးကို သင်တို့ထက်ပို
၍ ပြောနိုင်သောကြောင့် ဘုရားသခင်အား ကျေးဇူး
၁၉။ တော်ကိုချီးမွမ်းပါ၏။ သို့သော်စုဝေးဝတ်ပြုခြင်းတွင်
သာသာစကားအခွန်းတစ်သောင်းကို ပြောဆိုမည့်အ
စားသွန်သင်ရာ၌နားလည်နိုင်သော စကားငါးခွန်းမျှ
၂၀။ သာ ငါပြောဆိုလို၏။ ညီအစ်ကိုတို့ သင်တို့သည်
စဉ်းစားဆင်ခြင်မှုတွင်ကလေးသူငယ်ကဲ့ သို့မဖြစ်ကြ
နှင့်မကောင်းဒုစရိုက်နှင့်သက်ဆိုင်သောအရာများတွင်
ကလေးသူငယ်များဖြစ်ပြီး၊စဉ်းစားဆင်ခြင်မှုတွင် ရင့်
၂၁။ ကျက်သူများဖြစ်ကြလော့။ ကျမ်းစာတော်တွင်ငါ၏
လူမျိုးတော်အား ဘာသာစကားများဖြင့်ငါပြောမည်။
လူမျိုးခြားတို့၏နှုတ်ဖြင့်ငါပြောမည်၊ သို့သော်လည်း
ငါ၏လူမျိုးတော်သည်ငါ့စကားကိုနားထောင်ကြလိမ့်
မည်မဟုတ်ဟုထာဝရဘုရားမိန့်တော်မူ၏ဟူ၍ဖော်ပြ
၂၂။ ပါရှိ၏။ထို့ကြောင့်ဘာသာစကားအမျိုးမျိုးပြောဆိုနိုင်
သောဆုကျေးဇူးသည်မယုံကြည်သော သူတို့အတွက်
နိမိတ်လက္ခဏာဖြစ်၏။ယုံကြည်သူတို့အတွက်မဟုတ်
၊ပရောဖက်ဉာဏ်ဖြင့်ဟောဆုကျေးဇူးကား ယုံကြည်
သူတို့အတွက် နိမိတ်လက္ခဏာဖြစ်၏။ မယုံကြည်
၂၃။ သူတို့အတွက်မဟုတ်။ သို့ဖြစ်၍အသင်းတော်တစ်ခု
လုံးစုဝေးလျှက် လူတိုင်းသည် ထူးဆန်းသော
ဘာသာစကားများဖြင့် စတင်၍ပြောကြစဉ်၊ သာမန်
လူအချို့သို့မဟုတ်မယုံကြည်သူတို့ဝင်ရောက်လာခဲ့
သည်ရှိသော် သင်တို့အားလုံးသည် ရူးသွပ်သူများ
ဖြစ်ကြသည်ဟု ဆိုကြပေလိမ့်မည်မဟုတ်သလော။
၂၄။ သို့သော်အားလုံးသည်ပရောဖက်ဉာဏ်နှင့်ဟောနေကြ
စဉ်မယုံကြည်သူအချို့ သို့မဟုတ် သာမန်လူများဝင်
ရောက်လာပါမူသင်တို့ဟောပြောသည့်တရားဒေသနာ
ကြောင့်သူတို့သည်မိမိတို့၌အပြစ်ရှိကြောင်းယုံကြည်
၂၅။ လက်ခံလာပေလိမ့်မည်။သူတို့၏လျှို့ဝှက်သောအကြံ
အစည်များသည် ပေါ်လွင်ထင်ရှားလာ၍ သင်တို့၏
အလယ်တွင်ဘုရားသခင်သည်တည်ရှိတော်မူပါသည်
တကားဟုဝန်ခံကာဘုရားသခင်ကိုပျပ်ဝပ်ရှိခိုးကြလိမ့်
မည်။

## စနစ်တကျဝတ်ပြုခြင်း

၂၆။ ညီအစ်ကိုတို့ငါမည်သို့ဆိုရမည်နည်း။ သင်တို့သည်
ဝတ်ပြုကိုးကွယ်ရန်စုဝေးကြသောအခါတစ်ဦးစီအသီး
သီးက၊သီချင်းဆိုခြင်းဘုရားသခင်၏ သွန်သင်ခြင်း၊

ဗျာဒိတ်တော်ကိုပြန်ကြားပေးခြင်း၊ဘာသာစကားများ
ဖြင့် ပြောဆိုခြင်း၊ အနက်အဓိပ္ပါယ်ဖော်ပြခြင်းတို့ကို
ပြုကြလော့၏။သင်တို့ဆောင်ရွက်သမျှအမှုတို့သည်အ
၂၇။ သင်းတော်အားအကျိုးပြုရမည်။ ဘာသာစကားဖြင့်
ပြောမည်ဆိုပါက နှစ်ယောက်ဖြစ်စေ၊ အများဆုံးသုံး
ယောက်ဖြစ်စေ၊တစ်ယောက်ပြီးတစ်ယောက်ပြော၍တစ်
ယောက်သောသူကအနက်အဓိပ္ပါယ်ကိုရှင်းပြပါစေ။
၂၈။ အကယ်၍ အနက်အဓိပ္ပါယ်ကို ရှင်းပြမည့်သူ မရှိ
ပါကဘာသာစကားကိုပြောဆိုသူသည်ဆိတ်ဆိတ်နေ
၍ မိမိကိုယ်ကိုမိမိအားလည်းကောင်း၊ ဘုရားသခင်
၂၉။ အားလည်းကောင်းပြောလျက်နေစေ။ပရောဖက်ဉာဏ်
နှင့်နှစ်ယောက်၊သုံးယောက်က ဟောပြောနေစဉ်ကျန်
သူတို့ကထိုသူတို့၏ ဟောပြောချက်ကို ဆင်ခြင်သုံး
၃၀။ သပ်ကြပါစေ။သို့ရာတွင်ထိုင်နေသောသူတစ်ယောက်
ကဘုရားသခင်၏ဗျာဒိတ်တော်ကိုခံရလျှင်ပထမပြော
၃၁။ နေသောသူသည်ရပ်တံ့ပါစေ။လူတိုင်းသည်သွန်သင်မှု
ကိုရယူ၍ အားတက်လာကြစေရန် သင်တို့အားလုံး
သည်တစ်ယောက်ပြီး တစ်ယောက်အလှည့်ကျပရော
ဖက်ဉာဏ်နှင့်ဟောပြောနိုင်သည်။
၃၂။ ပရောဖက်တို့၏စိတ်ဝိညာဉ်များသည်ပရောဖက်တို့
၃၃။ ၏ထိန်းချုပ်ခြင်းကိုခံရမည်။အကြောင်းမူကားဘုရား
သခင်သည်ရှုပ်ထွေးခြင်း၏ဘုရားမဟုတ်၊ ငြိမ်းချမ်း
သာယာခြင်း၏ဘုရားဖြစ်တော်မူသောကြောင့်ဖြစ်၏။
၃၄။ ဘုရားသခင်၏ အသင်းတော်ထဲတွင်ရှိသည့် ထုံးစံ
အတိုင်း၊ အမျိုးသမီးများသည် အစည်းအဝေးများ
တွင်တိတ်ဆိတ်စွာနေကြစေ၊ သူတို့သည်စကားပြော
ပိုင်ခွင့်မရှိ၊ပညတ်ကျမ်းတွင်ဖော်ပြထားသည့်အတိုင်း
အမျိုးသမီးတို့သည်တာဝန်မယူရချေ။
၃၅။ သူတို့သည် အကြောင်းတစ်စုံတစ်ခုကို သိလိုလျှင်
အိမ်တွင်မိမိတို့ခင်ပွန်းကိုမေးမြန်းပါစေ၊အသင်းတော်
ထဲ၌အမျိုးသမီးများစကားပြောခြင်းသည် မဖွယ်မရာ
၃၆။ ဖြစ်၏။ဘုရားသခင်၏နှုတ်ကပတ်တော်သည်သင်တို့
ထံမှလာသလော၊သို့တည်းမဟုတ်သင်တို့ထံသို့သာ
လျှင် နှုတ်ကပတ်တော်သည် ရောက်ရှိလာသလော။
၃၇။ သင်တို့ထဲတွင်မိမိကိုယ်ကို ဘုရားသခင်၏စေတမန်
တော်ဖြစ်သည်ဟူ၍လည်းကောင်း၊ဝိညာဉ်တော်၏ဆု
ကျေးဇူးများရရှိသူဟူ၍လည်းကောင်း၊ ယူဆသောသူ
သည်ယခုငါရေးလိုက်သောစကားတို့အားဘုရားသခင်
၏ ပညတ်များဖြစ်ကြောင်း သိမှတ်ပါစေ။
၃၈။ အကြင်သူသည် ဤအချက်ကို အသိအမှတ်မပြုလျှင်
ထိုသူအားလည်း အသိအမှတ်မပြုလေနှင့်။ သို့ဖြစ်၍
ညီအစ်ကိုတို့၊သင်တို့သည် ပရောဖက်ဉာဏ်နှင့်ဟော
၃၉။ ပြောရန်လိုလားတောင့်တကြလော့၊သို့ရာတွင်အမျိုးမျိုးသော
၄၀။ ဘာသာစကားပြောခြင်းကို မတားမြစ်ကြနှင့်။ ခပ်
သိမ်းသော အရာအလုံးစုံကို သင့်တင့်လျောက်ပတ်
စွာ စနစ်တကျ လုပ်ဆောင်ကြပါလော့။

## အခန်းကြီး (၁၅)

## ခရစ်တော်၏ ရှင်ပြန်ထမြောက်တော်မူခြင်း

၁။ ညီအစ်ကိုတို့ သင်တို့အား ငါဟောပြောခဲ့သော
သတင်းကောင်းကို ပြန်လည်၍ သတိရစေလိုပါ၏။
ထိုသတင်းကောင်းကို သင်တို့သည် လက်ခံကြိုဆို
ကြလျက်၊ ဆက်လက်အသက်ရှင်နေထိုင်ကြပေ၏။
၂။ သင်တို့သည်ထိုသတင်းကောင်းကို စွဲမြဲစွာယုံကြည်
လက်ခံလျှင်ကယ်တင်ခြင်းခံရကြလိမ့်မည်။သို့မဟုတ်
လျှင်သင်ယုံကြည်ခဲ့ခြင်းသည်အကျိုးမဲ့ဖြစ်လိမ့်မည်။
၃။ ငါသည်မိမိခံယူရရှိ၍သင်တို့အားလက်ဆင့်ကမ်းပေး
သည့်အရေးကြီးဆုံးသောအရာမှာကျမ်းစာ၌ရေးထား
သည့်အတိုင်းခရစ်တော်သည် ငါတို့၏အပြစ်များအ
၄။ တွက်အသေခံတော်မူကြောင်း၊ ကိုယ်တော်သည်သင်္ဂြိုဟ်
ခြင်းကိုခံတော်မူပြီး ကျမ်းစာ၌ရေးထားသည့်အတိုင်း
သုံးရက်မြောက်သောနေ့၌သေခြင်းမှရှင်ပြန်ထမြောက်
၅။ တော်မူကြောင်း။ ထို့နောက်ကိုယ်တော်သည်**ပေတရု**
နှင့်တမန်တော်ကြီးတစ်ဆယ့်နှစ်ပါးတို့အားမိမိကိုယ်ကို
ထင်ရှားပြတော်မူကြောင်းဆိုသည့်အချက်ပင်ဖြစ်၏။
၆။ ထို့နောက် ကိုယ်တော်သည် မိမိ၏နောက်လိုက်တ
ပည့်ငါးရာကျော်တို့အားတပြိုင်တည်းထင်ရှားပြတော်
မူ၏။ထိုသူတို့အထဲမှအချို့တို့သည်သေလွန်ကြပြီဖြစ်
သော်လည်း အများစုတို့သည် ယနေ့တိုင်အောင်
၇။ အသက်ရှင်လျက်ရှိကြသေး၏။ထို့နောက်ကိုယ်တော်
သည်**ယာကုပ်**အား ထင်ရှားပြတော်မူ၏။ ထို့နောက်
တမန်တော်အားလုံးတို့အား ထင်ရှားပြတော်မူ၏။
၈။ နောက်ဆုံး၌ လမစေ့ဘဲဖွားသော သူငယ်ကဲ့သို့ဖြစ်
သောငါ့အားကိုယ်တော်သည်ထင်ရှားပြတော်မူခဲ့၏။
၉။ ငါသည်တမန်တော်တို့တွင်အညံ့ဆုံးဖြစ်၏။ ဘုရား
သခင်၏အသင်းတော်ကို နှိပ်ကွပ်ညှင်းဆဲခဲ့သူဖြစ်
သောကြောင့် တမန်တော်ဟူ၍ ပင်မခေါ်ထိုက်ပေ။
၁၀။ သို့ရာတွင် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်

ယခုငါဖြစ်သည့်အတိုင်းဖြစ်၏။ ငါ့အားဘုရားသခင်
ပေးသနားတော်မူသောကျေးဇူးတော်သည် အကျိုးမဲ့မ
ဖြစ်ခဲ့သည့်အပြင်ငါသည်အခြားသော တမန်တော်တို့
ထက်ပို၍ ကြိုးပန်းလုပ်ဆောင်၏။ ဤသို့လုပ်
ဆောင်နိုင်ခြင်းမှာ ငါမဟုတ်၊ ငါနှင့်အတူရှိတော်မူ
၁၁။ သောဘုရားသခင်၏ကျေးဇူးတော်ဖြစ်၏။သို့ဖြစ်၍ငါ
ထံမှဖြစ်စေ၊သူတို့ထံမှဖြစ်စေ၊ လာသောဟောပြော
ချက်ကိုဤအတိုင်းပင်ငါတို့အားလုံးဟောပြောကြ၏။
ဤ အတိုင်းပင် သင်တို့သည် ယုံကြည်ကြ၏။

## ငါတို့၏ ရှင်ပြန်ထမြောက်ခြင်း

၁၂။ ယခုမှာခရစ်တော်သည်သေခြင်းမှရှင်ပြန်ထမြောက်
တော်မူသည်ဟု ငါတို့ ဟောပြောပါလျှင် သင်တို့
အထဲမှ အချို့သောသူတို့သည် သေခြင်းမှရှင်ပြန်
ထမြောက်ခြင်းဟူသည်မရှိဟုအဘယ်ကြောင့်ဆိုနိုင်
၁၃။ ကြသနည်း။ ရှင်ပြန်ထမြောက်ခြင်းမရှိဟု မှန်လျှင်၊
ခရစ်တော် သည် သေခြင်းမှရှင်ပြန်ထမြောက်တော်
၁၄။ မမူနိုင်ရာ။ ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထ
မြောက်တော်မမူလျှင်ငါတို့သည်ဟောပြောခြင်းသည်
အချည်းနှီးဖြစ်၍သင်တို့၏ယုံကြည်ခြင်းသည်လည်း
၁၅။ အချည်းနှီးဖြစ်၏။ အကယ်၍သေသူတို့ရှင်ပြန်ထ
မြောက်ခြင်းမရှိဟုဆိုခြင်းသည် မှန်ပါလျှင် ဘုရား
သခင်သည်လည်း ခရစ်တော်ကို သေခြင်းမှရှင်ပြန်
ထမြောက်စေတော်မမူသည်မဟုတ်။ သို့ဖြစ်၍ငါတို့
က ဘုရားသခင်သည် ခရစ်တော်ကိုသေခြင်းမှရှင်
ပြန်ထမြောက်စေတော်မူပြီဟု ဟောပြောရာ၌ ငါတို့
သည် ဘုရားသခင်၏အကြောင်းကို မဟုတ်မမှန်
၁၆။ သက်သေခံရာရောက်၏။အကယ်၍ သေသူတို့သည်
ရှင်ပြန်ထမြောက်ခြင်း မရှိလျှင်၊ ဘုရားသခင်သည်
ခရစ်တော်ကိုလည်း ရှင်ပြန်ထမြောက်စေတော်မူခဲ့
၁၇။ လိမ့်မည်မဟုတ်။အကယ်၍ ခရစ်တော်ကိုရှင်ပြန်ထ
မြောက်စေတော်မမူခဲ့ပါလျှင်သင်တို့၏ယုံကြည်ခြင်း
သည်အရာမရောက်ဘဲသင်တို့သည်လည်းသင်တို့၏
အပြစ်ဒုစရိုက်တွင်နစ်မွန်းလျက်ရှိနေကြဆဲပင်ဖြစ်ပေ
၁၈။ မည်။ ထိုမှတပါး ခရစ်တော်ကို ယုံကြည်လျက်
သေလွန်သွားကြကုန်သောသူတို့သည်လည်း ထာဝရ
၁၉။ ဆုံးရှုံးဖွယ်ရာရှိ၏။ ငါတို့သည် ဤဘဝအတွက်သာ
ခရစ်တော်ကိုမျှော်လင့်အားကိုးကြပါလျှင်ကမ္ဘာပေါ်၌
ငါတို့ထက်သနားစရာကောင်းသော သူများမရှိတော့
၂၀။ ချေ။ သို့ရာတွင် အကယ်စင်စစ် ခရစ်တော်သည်
သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသောကြောင့်သေ
လွန်သူတို့သည် ရှင်ပြန်ထမြောက်ကြလိမ့်မည်ဖြစ်
၂၁။ ကြောင်း အာမခံချက်ရရှိထားကြလေပြီ။ လူတစ်ယောက်
အားဖြင့်သေခြင်းတရားသည် ဖြစ်ပေါ်လာရသကဲ့သို့
သေခြင်းမှရှင်ပြန်ထမြောက်ရခြင်းတရားသည်လည်း
၂၂။ လူတစ်ယောက်အားဖြင့်ဖြစ်ပေါ်လာ၏။လူအပေါင်း
တို့သည် **အာဒံ**နှင့် တစ်လုံးတစ်ဝတည်းဖြစ်သော
ကြောင့်သေရကြ၏။ထိုနည်းတူခရစ်တော်နှင့်တစ်လုံး
တစ်ဝတည်းဖြစ်ခြင်းကြောင့် သေခြင်းမှရှင်ပြန်ထ
၂၃။ မြောက်ရကြလိမ့်မည်။ သို့ရာတွင် လူအသီးသီးတို့
သည် မိမိတို့အလှည့်ကျ ရှင်ပြန်ထမြောက်ကြရ
မည်။ ခရစ်တော်သည်ဦးစွာပထမရှင်ပြန်ထမြောက်
တော်မူမည်။ ထို့နောက် ခရစ်တော်ကြွလာတော်မူ
သောအခါ ကိုယ်တော်၏တပည့်တော်များတို့သည်
၂၄။ ရှင်ပြန်ထမြောက်ကြရလိမ့်မည်။ ထို့နောက် ကမ္ဘာ
ကုန်ဆုံးချိန်ရောက်လိမ့်မည်။ ထိုအခါ ခရစ်တော်
သည်ရှိသမျှသောစိုးမိုးအုပ်ချုပ်သူများ၊အာဏာပိုင်များ
နှင့်တန်ခိုးရှင်များကို နှိမ်နင်း၍နိုင်ငံတော်ကို ခမည်း
တော်ဘုရား၏ လက်တော်သို့ ပေးအပ်တော်မူလိမ့်
၂၅။ မည်။ဘုရားသခင်သည်ရန်သူ အပေါင်းကိုနှိမ်နင်း၍
ခရစ်တော်၏ ခြေဖဝါးတော်အောက်သို့ရောက်သည့်
တိုင်အောင်ခရစ်တော်သည်အုပ်စိုးတော်မူရမည်။
၂၆။ နောက်ဆုံးနှိမ်နင်းရမည့်ရန်သူကားသေခြင်းတရားပင်
၂၇။ ဖြစ်၏။ကျမ်းစာတွင်ဘုရားသခင်သည်ခပ်သိမ်းသော
အရာအားလုံးစုံတို့ကိုကိုယ်တော်ခြေဖဝါးတော်အောက်
၌ချထားတော်မူ၏ဟုလာ၏။ခပ်သိမ်းသောအရာအား
လုံးစုံဟုဆိုရာတွင်ဘုရားသခင်ကိုယ်တော်တိုင်မပါဝင်
ကြောင်း ထင်ရှားပါ၏။ အဘယ်ကြောင့်ဆိုသော်
ခပ်သိမ်းသောအရာ အားလုံးစုံတို့ကို ခရစ်တော်၏
ခြေတော်အောက် ချထားတော်မူသော အရှင်ကား
၂၈။ ဘုရားသခင်ဖြစ်တော်မူသောကြောင့်တည်း။ သို့ရာ
တွင်ခပ်သိမ်းသောအရာအားလုံးစုံတို့ကို ခရစ်တော်
၏ အုပ်စိုးတော်မူခြင်းအောက်၌ ချထားတော်မူခြင်း
ခံရသောအခါ မိမိ၏ ခြေတော်အောက်၌ အရာ
အားလုံးစုံကို ချထားတော်မူသော ဘုရားသခင်၏
အုပ်စိုးခြင်းကို သားတော်ကိုယ်တော်တိုင် လက်ခံ
တော်မူလိမ့်မည်။ ထိုအခါ ဘုရားသခင်သည်
အားလုံးစုံတို့အတွက် အားလုံးစုံဖြစ်တော်မူ၏။
၂၉။ သေလွန်သောသူတို့ကိုယ်စားဆေးကြောခြင်းမင်္ဂလာခံ

သူတို့သည် မည်သည့်အကျိုးအတွက်ဤကဲ့သို့ပြုကြ
သနည်း။သေလွန်သူတို့သည်ရှင်ပြန်ထမြောက်ခြင်းမ
ရှိဟုအချို့ကပြောသည့်အတိုင်းမှန်လျှင်ထိုသူတို့သည်
သေသူတို့၏ကိုယ်စားအဘယ်ကြောင့်ဆေးကြောခြင်း
၃၀။ မင်္ဂလာကိုခံကြသနည်း။အဘယ်ကြောင့်ငါကိုယ်တိုင်
ဘေးအန္တရာယ်နှင့် နာရီတိုင်းရင်ဆိုင်လျှက် နေရသ
၃၁။ နည်း။ညီအစ်ကိုတို့ ငါသည် နေ့တိုင်းသေရ၏။
ငါတို့သခင်ခရစ်တော်**ယေရှူး**၌ သင်တို့အတွက်ဂုဏ်
ယူဝံ့ကြွားခြင်းကြောင့်ဤကဲ့သို့ ငါပြောဆိုရခြင်း
၃၂။ ဖြစ်၏။ အကယ်၍ ငါသည် **ဧဖေရှ**မြို့တွင် တော
ရိုင်းတိရစ္ဆာန်တို့နှင့် တိုက်ခိုက်ခဲ့ပါမူ လူ့ရည်မှန်း
ချက်အရ ငါ့အတွက် အဘယ်အကျိုးရှိမည်နည်း။
သေလွန်သူတို့သည် ရှင်ပြန်ထမြောက်ခြင်း မရှိပါ
ဟုပြောဆိုသည့်အတိုင်း ငါတို့သည်စားကြသောက်
၃၃။ ကြကုန်အံ့။အကြောင်းမူကားနက်ဖန်တွင် ငါတို့သေ
ကြလိမ့်မည်ဖြစ်သောကြောင့်တည်း။ သင်တို့သည်
လိမ်ညာလှည့်ဖျားခြင်းမခံကြရစေနှင့်။မကောင်းသော
အပေါင်းအသင်းသည်ကောင်းမြတ်သော အကျင့်သိ
၃၄။ က္ခာကို ပျက်စီးတတ်၏။ အမြင်မှန်ရကြလော့၊
အပြစ်ဒုစရိုက်များကို မပြုကြနှင့်။ အကြောင်းမူကား
သင်တို့တွင်အချို့သောသူတို့သည်ဘုရားသခင်ကိုမသိ
ကြ၊ ဤသို့ငါဆိုရာ၌သင်တို့အရှက်ရစေရန် ဖြစ်၏။

## ရှင်ပြန်ထမြောက်သည့် ကိုယ်ခန္ဓာ

၃၅။ လူတစ်စုံတစ်ယောက်က သေလွန်သူတို့သည် မည်
ကဲ့သို့ ရှင်ပြန်ထမြောက်ကြမည်နည်း။ မည်ကဲ့သို့
သော ကိုယ်ခန္ဓာကိုယ်မျိုးရှိကြမည်နည်းဟုမေးမြန်း
၃၆။ ပေလိမ့်မည်။ အချင်းလူမိုက် သင်စိုက်ပျိုးသည့်
မျိုးစေ့သည် ဦးစွာမပျက်စီးဘဲ အပင်မပေါက်တတ်။
၃၇။ သင်စိုက်သောအရာသည် အစေ့သက်သက်မျှသာဖြစ်
၏။ ဂျုံစေ့သို့မဟုတ် အခြားမျိုးစေ့ဖြစ်နိုင်၏။နောင်
တွင်မွေးဖွားလာမည့် ခန္ဓာကိုယ်ကိုသင်စိုက်ပျိုးခြင်းမ
၃၈။ ဟုတ်။ဘုရားသခင်သည်မိမိ၏ အလိုတော်နှင့်အညီ
ထိုမျိုးစေ့အားကိုယ်ထည်ကိုပေးတော်မူ၏။မျိုးစေ့အ
သီးသီးတို့အားလည်းယင်းနှင့်သင့်တော်သည့် ကိုယ်
၃၉။ ထည်ကိုပေးတော်မူ၏။သက်ရှိသတ္တဝါတို့၏အသား
သည် တစ်မျိုးတည်း မဟုတ်၊ လူ၏အသားသည်
တစ်မျိုး၊ တိရစ္ဆာန်၏ အသားသည် အခြားတစ်မျိုး၊
ငှက်၏အသားသည်ကားတစ်မျိုး၊ငါး၏အသားသည်

၄၀။ အခြားတစ်မျိုးဖြစ်၏။ကောင်းကင်နှင့်ဆိုင်သောခန္ဓာ
ကိုယ်များ၊ကမ္ဘာမြေကြီးနှင့်ဆိုင်သောခန္ဓာကိုယ်များ
ဟူ၍လည်း ရှိကြသည်။ ကောင်းကင်နှင့်ဆိုင်သော
ခန္ဓာကိုယ်များ၏လှပတင့်တယ်ခြင်းသည် ကမ္ဘာမြေ
ကြီးနှင့်ဆိုင်သောခန္ဓာကိုယ်များ၏တင့်တယ်လှပခြင်း
၄၁။ နှင့်မတူ၊ကွာခြားကြ၏။နေ၏ ဘုန်းဂုဏ်ကျက်သရေ
သည်လနှင့်ကြယ်များတို့၏ဘုန်းဂုဏ်ကျက်သရေနှင့်
မတူ၊ကွာခြားကြ၏။ကြယ်များတို့၏ဘုန်းဂုဏ်ကျက်
သရေသည်လည်းကြယ်တစ်လုံးနှင့်တစ်လုံးမတူကြ
ချေ။ထိုနည်းတူသေလွန်သူတို့၏ ရှင်ပြန်ထမြောက်
၄၂။ ခြင်းသည်ဤအတိုင်းပင်ဖြစ်၏။မြှုပ်နှံစိုက်ပျိုးခြင်းခံ
ရသောအရာသည်ဆွေးမြေ့ပျက်စီးတတ်၏။ ရှင်ပြန်
ထမြောက်စေခြင်းခံရသောအခါဆွေးမြေ့ပျက်စီးခြင်း
၄၃။ မရှိတော့ချေ။ဂုဏ်အသရေမဲ့စွာမြှုပ်နှံစိုက်ပျိုးခြင်းခံရ
သော်လည်း ဘုန်းဂုဏ်တော်နှင့်ရှင်ပြန်ထမြောက်စေ
ခြင်းခံရ၏။ အားနည်းခြင်း၌ မြှုပ်နှံစိုက်ပျိုးခြင်းခံရ
သော်လည်းတန်ခိုးတော်နှင့်ရှင်ပြန်ထမြောက်စေခြင်း
ခံရ၏။
၄၄။ ရုပ်ခန္ဓာနှင့် မြှုပ်နှံစိုက်ပျိုးခြင်းခံရသော်လည်းဝိညာဉ်
ခန္ဓာနှင့်ရှင်ပြန်ထမြောက်စေခြင်းခံရ၏။ ကာယနှင့်
ဆိုင်သောခန္ဓာကိုယ်ရှိလျှင်ဝိညာဉ်နှင့်ဆိုင်သော ခန္ဓာ
၄၅။ ကိုယ်လည်းရှိ၏။ကျမ်းစာတွင် ပထမလူ**အာဒံ**သည်
အသက်ရှင်သော သတ္တဝါအဖြစ် ဖန်ဆင်းခြင်းခံရ
၏။ သို့ရာတွင် နောက်ဆုံးဖြစ်သော **အာဒံ**သည်
၄၆။ အသက်ကိုပေးသော ဝိညာဉ်တော်ဖြစ်၏။ ဝိညာဉ်
ကာယခန္ဓာသည် ပထမဖြစ်ပေါ်လာသည်မဟုတ်။
ရုပ်ခန္ဓာဖြစ်ပေါ်ပြီးမှ ဝိညာဉ်ခန္ဓာဖြစ်ပေါ်လာ၏။
၄၇။ ပထမလူ**အာဒံ**သည် မြေမှုန့်ဖြင့် ဖန်ဆင်းခြင်းခံရ၍
မြေကြီးမှလာသူဖြစ်၏။ ဒုတိယ**အာဒံ**သည်ကောင်း
၄၈။ ကင်မှ ကြွလာသူဖြစ်၏။ မြေမှုန့်ဖြစ် ဖန်ဆင်းခြင်း
ခံရသောသူတို့သည် မြေကြီးသားတို့နှင့် တူ၏။
ကောင်းကင်မှလာသော သူတို့သည် ကောင်းကင်
၄၉။ သားတို့နှင့်တူ၏။ ငါတို့သည် မြေမှုန့်မှဖန်ဆင်း
ခြင်းခံရသူတို့၏သဏ္ဌာန်ကိုဆောင်သကဲ့သို့ ကောင်း
ကင်မှလူသားတော်၏သဏ္ဌာန်ကိုဆောင်ကြလိမ့်မည်။
၅၀။ ညီအစ်ကိုတို့သင်တို့အားငါဆိုလိုသည်မှာ အသွေးအ
သားနှင့်ဖန်ဆင်းခြင်းခံရသောသူသည်ဘုရားသခင်၏
နိုင်ငံတော်ကို အမွေမခံနိုင်ရာ၊ သေပျောက်နိုင်သော
၅၁။ အရာသည်လည်းမသေမပျောက်တတ်သောအဖြစ်ကို
မခံယူနိုင်။လျှို့ဝှက်နက်နဲရာကို နားထောင်ကြလော့။

၅၂။ ငါတို့အားလုံးသည် သေလွန်သွား ကြမည်မဟုတ်။
နောက်ဆုံး တံပိုးခရာမှုတ်သောအခါ ချက်ခြင်း
မျက်စိတစ်မှိတ် လျှပ်တပျက်အတွင်း၌ ငါတို့သည်
ပြောင်းလဲခြင်းခံ ကြရလိမ့်မည်။ အကြောင်းမူကား
တံပိုးခရာမှုတ်သောအခါသေလွန်သူတို့သည်ရှင်ပြန်
ထမြောက်ကြ၍သေခြင်းနှင့် ထာဝစဉ်ကင်းလိမ့်မည်။
ငါတို့သည်လည်း ပြောင်းလဲခြင်းခံကြရလိမ့်မည်။
၅၃။ အကြောင်းမူကား ဤပုပ်ပျက်တတ်သောအရာသည်
မပုပ်ပျက်နိုင်သောအရာကိုဝတ်ဆင်ရမည်။သေတတ်
သော အရာသည်လည်း မသေနိုင်သောအရာကို
၅၄။ ဝတ်ဆင်ကြရမည်။ ပုပ်ပျက်တတ်သော အရာသည်
မပုပ်ပျက်နိုင်သောအရာကိုဝတ်ဆင်၍၊သေတတ်သော
အရာသည်မသေနိုင်သောအရာကိုဝတ်ဆင်သောအခါ
သေခြင်းသည်အောင်မြင်ခြင်း၌ဝါးမြိုခြင်းခံရလေပြီ
ဟူသောကျမ်းစာသည် ပြည့်စုံခြင်းသို့ ရောက်လေပြီ။
၅၅။ အိုသေမင်းသင်၏ အောင်မြင်ခြင်းကား အဘယ်မှာ
နည်း။အိုသေမင်းသင်၏ ကျိန်းစပ်နာကျင်စေနိုင်သော
၅၆။ အားတန်ခိုးကားအဘယ်မှာနည်း။သေမင်း၏အားတန်
၅၇။ ခိုးသည်ကားအပြစ်ဒုစရိုက်ပေတည်း။ အပြစ်ဒုစရိုက်
၏အားတန်ခိုးသည်ကား ပညတ်တရားပေတည်း။
သို့ရာတွင်သခင်**ယေရှု**ခရစ်တော်အားဖြင့် ငါတို့အား
အောင်မြင်ခွင့်ပေးတော်မူသော ဘုရားသခင်၏ဂုဏ်
၅၈။ ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ သို့ဖြစ်၍ ညီအစ်ကို
တို့ကြံ့ခိုင်စွာရပ် တည်ကြလော့။ သခင်ဘုရား၏
အမှုတော်မြတ်ကိုဆောင်ရွက်ခြင်းသည် မည်သည့်အ
ခါမျှအချည်းအနှီးမဖြစ်ကြောင်းသိမှတ်ကာအမှုတော်
မြတ်ကို အစဉ်အမြဲဆောင်ရွက်ကြလော့။

## အခန်းကြီး ၁၆

## ယုံကြည်သူတို့အတွက် အလှူငွေ

၁။ **ဂျူဒေယ**ပြည်ရှိ ဘုရားသခင်၏လူမျိုးတော်ကိုကူညီ
ထောက်ပံ့ရန်အလှူငွေများနှင့်ပတ်သက်၍**ဂလာတိယ**
မြို့ရှိအသင်းတော်များအားငါပြောထားသည့်အတိုင်း၊
၂။ သင်တို့ပြုကြလော့။ခုနစ်ရက်တွင်ပထမနေ့၌ သင်တို့
တစ်ဦးစီသည်မိမိရရှိသောဝင်ငွေများအလိုက်သီးသန့်
ဖယ်ထားကြလော့။သို့မှသာငါ ရောက်လာသောအခါ
လှူဒါန်းရန်အတွက်အလှူငွေစုဆောင်းရန်မလိုတော့
၃။ ချေ။ငါရောက်လာသောအခါအမှာစာရေး၍သင်တို့အ
တည်ပြုရွေးချယ်ထားသူများအား ထိုအလှူငွေများကို
၄။ **ဂျေရုဆလင်**မြို့သို့ယူဆောင်သွားစေမည်။ အကယ်၍
ငါသွားရန်လိုအပ်ပါလျှင် ထိုသူတို့သည်ငါနှင့်အတူ
လိုက်လာ ကြလိမ့်မည်။

## ပေါလု၏ခရီးစဉ်များ

၅။ ငါသည် **မာဆီဒိုးနီးယ**ပြည်ဘက်မှလာမည်ဖြစ်၍
ထိုပြည်တစ်လျှောက် ခရီးပြုပြီးမှ သင်တို့ထံသို့လာ
၆။ ခဲ့မည်။ သင်တို့နှင့်အတူ အတန်ကြာနေနိုင်လိမ့်
မည်ထင်ပါ၏။ ဆောင်းတွင်းတစ်ခုလုံးပင် သင်တို့
နှင့်အတူ နေကောင်းနေမည်။ ထို့နောက်မှ ငါ
ဆက်လက်ပြုရမည့်ခရီးအတွက် သင်တို့ ကူညီနိုင်
၇။ လိမ့်မည်ဟု ငါမျှော်လင့်ပါ၏။ ငါသည် သင်တို့
ထံတွင် ခေတ္တတည်းခိုရုံမျှသာမလိုလားပါ။ သခင်
ဘုရားအခွင့်ပြုပါက အချိန်အတန်ကြာ သင်တို့နှင့်
၈။ အတူနေလိုပါ၏။ **ပင်တေကောစ်** ပွဲတော်နေ့အထိ
၉။ **ဧဖေစု**မြို့၌ ငါနေမည်။ ထိုမြို့တွင် ငါကိုဆန့်ကျင်
ဘက်ပြုသူ အများရှိသော်လည်း အရေးပါသော၊
လုပ်သင့်လုပ်ထိုက်သော အမှုတော်များ ဆောင်ရွက်
၁၀။ ရန်အခွင့်ကောင်းအမှန်ပင်ရှိ၏။ အကယ်၍ သင်တို့
ထံသို့ **တိမောသေ**ရောက်ရှိလာခဲ့လျှင် သူ့အားလိုက်
လှဲစွာ ကြိုဆိုလက်ခံကြလော့။ သူသည် ငါကဲ့သို့
ပင်သခင်ဘုရား၏ အမှုတော်ကို ဆောင်ရွက်နေသူ
၁၁။ ဖြစ်၏။ သူ့ကို မည်သူမျှ အထင်မသေးစေနှင့်။ ငါ
သည် အခြားယုံကြည်သူများနှင့်အတူ သူ့ကိုစောင့်
မျှော်လျက်ရှိသောကြောင့် ငါ့ထံသို့အနှောင့်အယှက်
ကင်းလျက် အေးချမ်းစွာ ရောက်ရှိစေရန် ကူညီကြ
၁၂။ လော။ ညီတော် **အပိုလို**နှင့်ပတ်သက်၍ ပြောရမည်
ဆိုလျှင် သူ့ကိုအခြားယုံကြည်သူများနှင့်အတူ သင်
တို့ထံသို့ သွားရောက်လည်ပတ်ရန် ကြိမ်ဖန်များစွာ
အားပေးတိုက်တွန်းပါ၏။ သို့ရာတွင် ယခုအချိန်
မှာအခါမသင့်သေးဟု သူယုံကြည်ထား၏။ အခွင့်
ကောင်းကြုံသည်အခါ သူရောက်လာပါလိမ့်မည်။

## နိဂုံး အမှာစကား

၁၃။ သင်တို့သည်အစဉ်နိုးကြားလျက်ရှိကြလော့။ယုံကြည်
ခြင်း၌ခိုင်မာစွာရပ်တည်ကြလော့။ ရဲစွမ်းသတ္တိရှိကြ
၁၄။ လော့။ ခပ်သိမ်းသော အမှုအရာတို့ကို မေတ္တာနှင့်
၁၅။ ဆောင်ရွက်ကြလော့။ သင်တို့သည် **စတီဖာန**နှင့်

သူ၏မိသားစုကိုသိကြ၏။သူတို့သည်**အာခေယ**ပြည်
မှပထမဦးဆုံးခရစ်ယာန်များဖြစ်ကြ၍ဘုရားသခင်၏
လူမျိုးတော်အားကူညီမစရန် မိမိတို့ကိုယ်ကို ဆက်
၁၆။ ကပ်ထားကြသူများ ဖြစ်ပေသည်။ ညီအစ်ကိုတို့
ထိုသူတို့၏ဦးဆောင်မှုကိုလည်းကောင်း၊ သူတို့နှင့်
အတူ အမှုတော်ကို ဆောင်ရွက်ကြသောသူတို့၏
ဦးဆောင်မှုကိုလည်းကောင်း၊လက်ခံကြရန် သင်တို့
၁၇။ အား ငါမေတ္တာရပ်ခံပါ၏။ **စတီဖာန**၊ **ဖော်ကြု
နာတု** နှင့် **အာခိုင်ကု**တို့ရောက်ရှိလာသဖြင့် ငါရွှင်
လန်းဝမ်းမြောက်ပါ၏။ ထိုသူတို့သည် သင်တို့၏
၁၈။ ကိုယ်စား ငါ့အားပြုစုပေးကြ၏။ သူတို့သည်
သင်တို့၏ စိတ်ကို ရွှင်လန်းစေသကဲ့သို့ ငါ၏စိတ်
ကိုလည်း ရွှင်လန်းစေ၏။ ထိုသူတို့များကား အသိ
အမှတ်ပြုခြင်း ခံထိုက်သူများ ဖြစ်ကြသတည်း။
၁၉။ **အာရှ**ပြည်နယ်ရှိ အသင်းတော်များက သင်တို့အား
ခွန်းဆက်ပါ၏။**အကွီလ**၊**ပရစ်ရှိလ**နှင့်သူတို့၏အိမ်
တွင် စုဝေးကြသော အသင်းဝင်များကလည်း ခရစ်
၂၀။ ယာန်စိတ်ဓါတ်နှင့် နှုတ်ဆက်ကြပါ၏။ ယုံကြည်
သူအားလုံးတို့ကလည်း သင်တို့ကို နှုတ်ဆက်ကြပါ
၏။ သင်တို့အချင်းချင်း သန့်ရှင်းသောနမ်းခြင်းဖြင့်
၂၁။ နှုတ်ဆက်ကြလော့။ **ပေါလု**ထံမှ နှုတ်ဆက်လိုက်ပါ
၏ဟု၍ ဤစာကို ငါကိုယ်တိုင်ရေးသား ပေးပို့
၂၂။ လိုက်ပါ၏။ မည်သူမဆို ဘုရားသခင်ကို မချစ် လျှင်
ကျိန်စာသင့်စေသတည်း။ "မာရာနသ"ကျွန်ုပ်
၂၃။ တို့၏ သခင်ဘုရား ကြွလာတော်မူပါ။ ကျွန်ုပ်တို့
သခင်**ယေရှု**၏ ကျေးဇူးတော်သည် သင်တို့အပေါ်
၂၄။ သို့ တက်ရောက်ပါစေသတည်း။ ခရစ်တော်**ယေရှု**
ဘုရား၌ ငါ၏ချစ်မေတ္တာသည် သင်တို့အားလုံးနှင့်
အတူရှိပါစေသော်။ အာမင်။